မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| အမှတ် ၁ ] ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်<br>( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် ) | သောကြာနေ့ [ အတွဲ ၆၇ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၈/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် )

**၂၀၁၄ ခုနှစ်၊ (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၂၀၁၄ ခုနှစ်၊ (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ၂၀၁၄ ခုနှစ်၊ (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (၁) | ဒေါက်တာစိုင်းမောက်ခမ်း<br>ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်ကြည်<br>ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးသိန်းညွန့်<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁)<br>ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၄) | ဦးမြင့်လှိုင်<br>ပြည်ထောင်စုဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးအုန်းမြင့်<br>ပြည်ထောင်စုဝန်ကြီး<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၆) | ဦးဉာဏ်ထွန်းအောင်<br>ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးဝင်းထွန်း<br>ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးခင်မောင်စိုး<br>ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးဇေယျာအောင်<br>ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာဖေသက်ခင်<br>ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဦးအေးမြင့်ကြူ<br>ပြည်ထောင်စုဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဦးသန်းဌေး<br>ပြည်ထောင်စုဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဦးဌေးအောင်<br>ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဗိုလ်မှူးချုပ်ကျော်ဇံမြင့်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ဦးလှထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | အတွင်းရေးမှူး |
| (၁၇) | ဦးဇော်သန်းသင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | တွဲဖက်အတွင်းရေးမှူး |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၉/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် )

## ၂၀၁၄ ခုနှစ်၊ (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း

၁။ ၂၀၁၄ ခုနှစ်၊ (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့် အညီ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ၂၀၁၄ ခုနှစ်၊ (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဦးသိန်းညွန့်<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁)<br>ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဗိုလ်ချုပ်မောင်မောင်အုန်း<br>ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးပိုက်ထွေး<br>ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဟံစိန်<br>ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးမြင့်ဇော်<br>ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာစန်းလွင်<br>ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာသန်းအောင်<br>ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်စန္ဒာခင်<br>ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(ည) ဒေါက်တာလင်းအောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဘဏ္ဍာရေးဝန်ကြီးဌာန

(ဋ) ဦးချန်မောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(ဌ) ဦးမျိုးမြင့် — အဖွဲ့ဝင်
ဒုတိယစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဍ) ဦးသန်းဌေး — အဖွဲ့ဝင်
ကောင်စီဝင်
နေပြည်တော်ကောင်စီ

(ဎ) ဦးကံချွန် — အဖွဲ့ဝင်
ကောင်စီဝင်
နေပြည်တော်ကောင်စီ

(ဏ) ဦးသန်းကျော်ထူး — အဖွဲ့ဝင်
ဒုတိယမြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(တ) ဗိုလ်မှူးချုပ်မောင်မောင် — အဖွဲ့ဝင်
ဒုတိယတိုင်းမှူး
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(ထ) တိုင်းဦးစီးဗိုလ်မှူးကြီး — အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(ဒ) ဦးထွန်းလှအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဓ) ဦးတင့်ဆွေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

(န) ဦးရန်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန

(ပ) ဦးအောင်ဇော်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(ဖ) ဒေါ်ခင်စန်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဇ) ဦးမျိုးညွန့် — အတွင်းရေးမှူး
ကောင်စီဝင်
နေပြည်တော်ကောင်စီ

(ဈ) ဦးဝင်းငွေ — တွဲဖက်အတွင်းရေးမှူး
အတွင်းရေးမှူး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ စီမံခန့်ခွဲမှုကော်မတီသည် လုပ်ငန်းများ စနစ်တကျဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဆပ်ကော်မတီများကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉၀/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် )

**စီးပွားရေးလုပ်ငန်းများအား ချေးငွေထုတ်ချေးရန်စိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ မေလ ၂၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၁) ဖြင့် ဖွဲ့စည်းခဲ့သော **စီးပွားရေးလုပ်ငန်းများအား ချေးငွေထုတ်ချေးရန်စိစစ်ရေးအဖွဲ့**ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

(၁) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ဘဏ္ဍာရေးဝန်ကြီးဌာန

(၂) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၃) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၄) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စွမ်းအင်ဝန်ကြီးဌာန

(၅) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(၆) ဒုတိယရှေ့နေချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၇) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၈) ဒုတိယဝန်ကြီး ဘဏ္ဍာရေးဝန်ကြီးဌာန — အတွင်းရေးမှူး

(၉) ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စီးပွားရေးဘဏ် — တွဲဖက်အတွင်းရေးမှူး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၁၃)

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (စ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် စာတိုက်လုပ်ငန်းဖြစ်သော ပြည်တွင်းအမြန်ချောပို့လုပ်ငန်းကဏ္ဍတွင် မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider) အဖြစ် Magnate Group Logistic Co., Ltd. အား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်။

၃။ အပိုဒ် (၂) ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရန် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၃)

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (စ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် စာတိုက်လုပ်ငန်းဖြစ်သော ပြည်တွင်းအမြန်ချောပို့လုပ်ငန်းကဏ္ဍတွင် မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider) အဖြစ် Royal Express Services Ltd. အား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်။

၃။ အပိုဒ် (၂) ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရန် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၃)

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (စ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် စာတိုက်လုပ်ငန်းဖြစ်သော ပြည်တွင်းအမြန်ချောပို့လုပ်ငန်းကဏ္ဍတွင် မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider) အဖြစ် United Courier Services Co., Ltd. အား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်။

၃။ အပိုဒ် (၂) ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရန် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (စ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် စာတိုက်လုပ်ငန်းဖြစ်သော ပြည်တွင်းအမြန်ချောပို့လုပ်ငန်းကဏ္ဍတွင် မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider) အဖြစ် Speedy Business Co., Ltd. အား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်။

၃။ အပိုဒ် (၂) ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရန် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် )

**ပြင်ပဆက်ဆံရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ပြင်ပဆက်ဆံရေးဌာန (External Relation Department) အဖြစ် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည် -

(က) ဒေါက်တာဒေါ်မြင့်ကြည် — အဖွဲ့ခေါင်းဆောင်

(ခ) ဦးတင်ထွန်း — အဖွဲ့ဝင်

(ဂ) ဒေါက်တာထွန်းထွန်းဦး — အဖွဲ့ဝင်

၂။ အထက်ပါ ပြင်ပဆက်ဆံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGO) အဖွဲ့အစည်းများ (NGO) များဖြင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရန်၊

(ခ) နိုင်ငံတကာသံတမန်အဖွဲ့အစည်းများ၊ သံရုံးများ၊ သံရုံးဝန်ထမ်းများနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်သွားရန်၊

(ဃ) နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာအထောက်အပံ့ပေးရေးအဖွဲ့အစည်းများနှင့် MoU ကိစ္စရပ်များအပါအဝင် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်သွားရန်၊

(င) နိုင်ငံတကာရွေးကောက်ပွဲကော်မရှင်များ၊ နိုင်ငံတကာလေ့လာရေးအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရန်၊

(စ) ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ရှိ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်သွားရန်၊

(ဆ) ပြည်တွင်းလူမှုရေးအဖွဲ့အစည်း (Civil Society Organization - CSO) များနှင့် စဉ်ဆက်မပြတ်ဆက်သွယ်ဆောင်ရွက်ရန်၊

(ဇ) ပြည်တွင်းနိုင်ငံရေးပါတီများ မိတ်ဖက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ စသည့် ရွေးကောက်ပွဲဆိုင်ရာပတ်သက်စပ်ဆိုင်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားရန်၊

(စျ) ရွေးကောက်ပွဲနှင့်စပ်လျဉ်းသော သတင်းများ၊ နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းသော သတင်းများကို နိုင်ငံတကာနှင့်နှိုင်းယှဉ်၍ သုံးသပ်ဆောင်ရွက်သွားရန်၊

(ည) နိုင်ငံတကာဧည့်သည်များနှင့် တွေ့ဆုံသည့် ဆွေးနွေးပွဲများ၊ အခမ်းအနားများတွင် ကော်မရှင်နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၌ ပါဝင်ဆောင်ရွက်ရန်၊

(ဋ) လိုအပ်ပါက အခါအားလျော်စွာပြုလုပ်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲများတွင် တက်ရောက်ရန်၊

(ဌ) သတင်းထုတ်ပြန်ချက် (Press Release) များ ထုတ်ပြန်ရာတွင် ထောက်ပံ့ကူညီဆောင်ရွက်ပေးရန်။

၃။ ပြင်ပဆက်ဆံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော အထောက်အကူပေးရေးအဖွဲ့ကိုပါ တစ်ပါတည်းဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | |
|---|---|
| (က) ဒေါ်နယ်လီစန်း | ဦးစီးအရာရှိ |
| (ခ) ဦးသုတဦး | ဦးစီးအရာရှိ |
| (ဂ) ဒေါ်သင်းသင်းနွယ် | ဦးစီးအရာရှိ |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**[ ယခင်အပတ် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းဆေးဥပဒေ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂၆ မှအဆက် ]**

၂၃။ တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီအဖွဲ့က ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီး အပြတ် ဖြစ်စေရမည်။

## အခန်း (၇)
## တားမြစ်ချက်များ

၂၄။ မည်သူမျှ အောက်ဖော်ပြပါ တိုင်းရင်းဆေးကို ထုတ်လုပ်ခြင်းမပြုရ -

(က) မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေး၊

(ခ) မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ထားသော တိုင်းရင်းဆေး၊

(ဂ) စံမညီတိုင်းရင်းဆေး၊

(ဃ) သုံးစွဲရန်မသင့်ဟု ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်၍ သတ်မှတ်ထားသော တိုင်းရင်းဆေး။

၂၅။ မည်သူမျှ အောက်ဖော်ပြပါ တိုင်းရင်းဆေးကို ရောင်းချခြင်းမပြုရ -

(က) မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေး၊

(ခ) မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ထားသော တိုင်းရင်းဆေး၊

(ဂ) ပျက်စီးတိုင်းရင်းဆေး၊

(ဃ) သုံးစွဲရန်မသင့်ဟု ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော တိုင်းရင်းဆေး။

၂၆။ မည်သူမျှ လိုင်စင်မရှိဘဲ တိုင်းရင်းဆေးကို ထုတ်လုပ်ခြင်းမပြုရ။

၂၇။ လိုင်စင်ရှိသူသည် -

(က) လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) ဤဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနကဖြစ်စေ၊ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်မှုကော်မတီက ဖြစ်စေ၊ တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီကဖြစ်စေ၊ တိုင်းရင်းဆေးပညာဦးစီး ဌာနကဖြစ်စေ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

## အခန်း (၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၈။ မည်သူမဆို ပုဒ်မ ၂၄ သို့မဟုတ် ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ်**သုံးသောင်း**အထိဖြစ်စေ၊ ထောင်ဒဏ်**သုံး**နှစ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် -

(က) မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးနှင့်သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူကို ငွေဒဏ် ကျပ်**သုံးသောင်း**အထိဖြစ်စေ၊ ထောင်ဒဏ်**သုံး**နှစ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည်၊

(ခ) မှတ်ပုံတင်ထားသော တိုင်းရင်းဆေးနှင့်သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူကို ငွေဒဏ်ကျပ်**တစ်သောင်း**အထိဖြစ်စေ၊ ထောင်ဒဏ်**နှစ်**နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည်၊

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၀။ လိုင်စင်ရရှိသူသည် ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်**ငါးထောင်**အထိဖြစ်စေ၊ ထောင်ဒဏ်**တစ်**နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

## အခန်း (၉)

## အထွေထွေ

၃၁။ လူမှုရေးဝန်ကြီးဌာနသည် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်စေခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

၃၂။ ပြည်ပသို့တင်ပို့ရန် ခွင့်ပြုချက်ထုတ်ပေးခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေအရ မှတ်ပုံတင်ထားသော တိုင်းရင်းဆေးကိုသာ တင်ပို့ခွင့်ပြုနိုင်သည်။

၃၃။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ကျန်းမာရေးဝန်ကြီးဌာန သို့မဟုတ် ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်လွှဲအပ်ခြင်းခံရသည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၃၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ပြည်ပသို့ တင်ပို့သည့် တိုင်းရင်းဆေးကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဖမ်းဆီးရမိလျှင် တိုင်းဒေသကြီးတိုင်းရင်းဆေးကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လွှဲပြောင်းခြင်း၊ စီမံခန့်ခွဲခြင်း ပြုရမည်။

၃၅။ တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီ၏ ရုံးလုပ်ငန်းများကို တိုင်းဒေသကြီးတိုင်းရင်းဆေးပညာဦးစီးဌာနက ဆောင်ရွက်ရမည်။

၃၆။ ကျန်းမာရေးဝန်ကြီးဌာနသည် တိုင်းရင်းဆေးစစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် မိမိလက်အောက်ရှိ ဝန်ထမ်းများကို တိုင်းရင်းဆေးစစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်ရမည်။ ထို့အပြင် အခြားဝန်ကြီးဌာနများနှင့်ညှိနှိုင်းလျက် သင့်လျော်သည့် ဝန်ထမ်းများကိုလည်း တိုင်းရင်းဆေးစစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၃၇။ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေအရ ထုတ်ပြန်ခဲ့သော တိုင်းရင်းဆေးနှင့်စပ်လျဉ်းသည့် အမိန့်၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၈။ ဤဥပဒေပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး၊
ဝန်ကြီးချုပ်၊
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့။

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ဆောင်မှုလုပ်ငန်းများဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂၇။ )

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ဝန်ဆောင်မှုလုပ်ငန်းများဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရ**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရကို ဆိုသည်။

(ဂ) **အစိုးရအဖွဲ့**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ဝန်ကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးကို ဆိုသည်။

(စ) **ကော်မတီ**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ၊ အခန်း (၃)၊ ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၆၊ ပုဒ်မ ၇ တို့အရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(ဆ) **တိုင်းဒေသကြီးနယ်နိမိတ်**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ်ကို ဆိုသည်။

(ဇ) **တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့ကို ဆိုသည်။

(ဈ) **မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ**ဆိုသည်မှာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအား တာဝန်ယူကြီးကြပ်ကွပ်ကဲရသောအရာရှိကို ဆိုသည်။

(ည) **ဝန်ဆောင်မှု**ဆိုသည်မှာ ကုန်စည်နှင့်စပ်လျဉ်း၍ ရောင်းဝယ်မှု၊ လက်ဝယ်ထားရှိမှု၊ သိုလှောင်မှု၊ သယ်ဆောင်မှု၊ ဖြန့်ဖြူးမှု၊ အသုံးပြုမှု၊ စားသုံးမှုတို့နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကိုသော်လည်းကောင်း၊ အကျိုးအမြတ်တစ်စုံတစ်ရာရရှိရေးအတွက် သတ်မှတ်သည့် ဝန်ဆောင်ခကို ရယူ၍ ဆောင်ရွက်သည့် လုပ်ငန်းများကိုသော်လည်းကောင်း ဆိုသည်။

(ဋ) **လုပ်ငန်း**ဆိုသည်မှာ အစားအသောက်၊ သုံးစွဲရန်ပစ္စည်း သို့မဟုတ် သုံးစွဲရန် အထောက်အကူပစ္စည်းကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ခင်းခြင်း၊ ဖြန့်ဖြူးခြင်းကို ဆိုလိုသည်။ ယင်းစကားရပ်တွင် စက်ရုံ၊ သိုလှောင်ရုံ၊ အလုပ်ရုံများအပြင် ဝန်ဆောင်မှု အကျိုးဆောင်လုပ်ငန်းဆောင်ရွက်ခြင်းများလည်း ပါဝင်သည်။

(ဌ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း မြို့တော်သာယာလှပရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ထိခိုက်စေနိုင်သည့် သို့မဟုတ် အများပြည်သူအား အသံဖြင့်လည်းကောင်း၊ အနံ့ဖြင့်လည်းကောင်း၊ အရောင်ဖြင့်လည်းကောင်း၊ အတွေ့အမြင်အရလည်းကောင်း စိတ်ပြိုငြင်မှုဖြစ်စေနိုင်သည့်လုပ်ငန်း၊ အများပြည်သူတို့၏ အသက်ကိုဖြစ်စေ၊ ကျန်းမာရေးကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ၊ အန္တရာယ်ဖြစ်စေနိုင်သည့် သို့မဟုတ် အများပြည်သူတို့အား စိတ်ပြိုငြင်မှုဖြစ်စေနိုင်သည့် အရာဝတ္ထုများ၊ အစားအသောက်များကို သိုလှောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ တည်ခင်းရောင်းချခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းလုပ်ငန်းလုပ်ကိုင်ရန် ကော်မတီက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ဍ) **တည်းခိုခန်း**ဆိုသည်မှာ စီးပွားရေးအလို့ငှာ ပြည်တွင်းခရီးသွားများသာ တည်းခိုနေထိုင်ရန်အတွက် အခကြေးငွေဖြင့် လက်ခံစီစဉ်ပေးသည့် အဆောက်အအုံကို ဆိုသည်။

(ဎ) **ဘော်ဒါဆောင်**ဆိုသည်မှာ ကျောင်းသူ/ကျောင်းသားများ သို့မဟုတ် ရုံးသူရုံးသားများနှင့် အလုပ်သမားများနေသော ငှားရမ်းခသတ်မှတ်ချက်ဖြင့် ငှားရမ်းသည့်အဆောက်အအုံကို ဆိုသည်။

(ဏ) **အခန်းလိုက်ငှားသောအဆောက်အအုံ**ဆိုသည်မှာ အဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ အခန်းများဖွဲ့၍ ငှားရမ်းခသတ်မှတ်ချက်ဖြင့် ငှားရမ်းသည့် အဆောက်အအုံကို ဆိုသည်။

(တ) **ယာယီဇာတ်ရုံဆောက်လုပ်ခွင့်ပြုမိန့်**ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ဘုရားပွဲ၊ အားကစားပွဲ စသည့် ပွဲလမ်းသဘင်များတွင် အများပြည်သူများအား ဖျော်ဖြေနိုင်ရေးအတွက် **ယာယီ**ဇာတ်ရုံဆောက်လုပ်ရန် ကော်မတီက ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ထ) **ယာဉ်ဖြင့် လှည့်လည်ရောင်းချခွင့်လိုင်စင်**ဆိုသည်မှာ ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ ထီလက်မှတ် သို့မဟုတ် ကုန်ပစ္စည်းများ လှည့်လည်ကြော်ငြာခြင်း၊ ရောင်းချခြင်း စသည့် လုပ်ငန်းများလုပ်ကိုင်ရန် ကော်မတီက ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဒ) **လမ်းဘေးဈေးဆိုင်**ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ကော်မတီက သတ်မှတ်ပေးသော နေရာများတွင် အချိန်အကန့်အသတ်ဖြင့် အခပေးဆောင်၍ ခွင့်ပြုထားသည့် ကုန်ပစ္စည်းများကို ယာယီရောင်းချသောဈေးဆိုင်ကို ဆိုသည်။

(ဓ) **အိမ်ဆိုင်**ဆိုသည်မှာ လူနေအိမ်ခန်းတွင်ဖြစ်စေ၊ ဥပစာ၏ ခြံစည်းရိုးကိုဖောက်၍ဖြစ်စေ ကုန်ပစ္စည်းများရောင်းချသည့်ဆိုင်ကို ဆိုသည်။ ယင်းစကားရပ်တွင် ကော်မတီက **ကင်း**လွတ်ခွင့် ပြုထားသော အိမ်ဆိုင်မပါဝင်။

(န) **ပစ္စည်းစုံဆိုင်**ဆိုသည်မှာ ကွမ်းယာနှင့် အခြားလူသုံးကုန်ပစ္စည်းတစ်ခုခု သို့မဟုတ် လူသုံးပစ္စည်းများကို တွဲဖက်ရောင်းချသည့် ဆိုင် သို့မဟုတ် လုပ်ငန်းကို ဆိုသည်။

(ပ) **ကုန်ပဒေသာဆိုင်**ဆိုသည်မှာ ဧရိယာအကျယ်အဝန်း စတုရန်းပေ ၁၀၀၀ အောက်ရှိသော အဆောက်အအုံတွင် လူသုံးကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်ကို ဆိုသည်။

(ဖ) **ကုန်တိုက်**ဆိုသည်မှာ ဧရိယာအကျယ်အဝန်းစတုရန်းပေ ၁၀၀၀ နှင့် အထက်ရှိသော အဆောက်အအုံတွင် လူသုံးကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်ကို ဆိုသည်။

(ဗ) **နံရံကပ်ဆိုင်**ဆိုသည်မှာ အဆောက်အအုံတစ်ခုခု၏ နံရံနှင့်ကပ်လျက် ဧရိယာအကျယ်အဝန်း အနည်းဆုံး ၁၂ စတုရန်းပေရှိသည့်ဆိုင်ကို ဆိုသည်။

(ဘ) **လှေကားခွင်တွင် ရောင်းချမည့်ဆိုင်**ဆိုသည်မှာ အဆောက်အအုံတစ်ခုခုတွင် အများပြည်သူ သုံးစွဲသည့် လှေကား၏အောက်၊ လှေကားအဝအနီးတစ်ဝိုက်တွင် ဖွင့်လှစ်ရောင်းချသောဆိုင် သို့မဟုတ် လုပ်ငန်းကို ဆိုသည်။

( မ ) **လက်ပွေ့ရောင်းချသူ**ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အထမ်းဖြင့်လည်းကောင်း၊ လက်ပွေ့၍လည်းကောင်း၊ ခေါင်းရွက်၍လည်းကောင်း ကုန်ပစ္စည်းတစ်မျိုးမျိုး သို့မဟုတ် ကုန်ပစ္စည်းများကို လှည့်လည်ရောင်းချသူကို ဆိုသည်။

( ယ ) **ကိုယ်ပိုင်ဈေး**ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်က ဈေးအဖြစ် အသုံးပြုရန် ကော်မတီထံမှ လိုင်စင်ရယူ၍ ဖွင့်လှစ်သောဈေးကို ဆိုသည်။ ယင်းစကားရပ်တွင် ကော်မတီက ဈေးအဆင့်သတ်မှတ်သည့် ကုန်ပဒေသာဆိုင်နှင့် ကုန်တိုက်များလည်း ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

( က ) တိုင်းဒေသကြီးအနေနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ဆောင်မှု လုပ်ငန်းများမှ သတ်မှတ်ကောက်ခံသည့် အခကြေးငွေများ၊ အခွန်အခများနှင့် အခြားရငွေများ အပြည့်အဝကောက်ခံရရှိစေရန်၊

( ခ ) တိုင်းဒေသကြီး၏အကျိုးစီးပွားကို အထောက်အကူပြုသည့် ဝန်ဆောင်မှုများကို အကာအကွယ် ပေးရန်၊

( ဂ ) တိုင်းဒေသကြီး၏အကျိုးစီးပွားကို ထိခိုက်စေနိုင်သော ဝန်ဆောင်မှုများကို ကန့်သတ်တားဆီးရန်။

## အခန်း (၃)
## လုပ်ငန်းတာဝန်များ

၄။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

( က ) တိုင်းဒေသကြီးနယ်နိမိတ်အတွင်း လုပ်ငန်းလိုင်စင်များ၊ တည်းခိုခန်းလိုင်စင်၊ ဘော်ဒါဆောင် လိုင်စင်၊ ကိုယ်ပိုင်ဈေးလိုင်စင်နှင့် ယာဉ်ဖြင့် လှည့်လည်ရောင်းချခွင့်လိုင်စင်များ စိစစ်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ယာယီဇာတ်ရုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ယင်းတို့နှင့်စပ်လျဉ်းသည့် စည်းကမ်း ချက်များ သတ်မှတ်ခြင်း၊

( ခ ) လမ်းဘေးဈေးဆိုင်၊ လမ်းဘေးဈေးသည်များနှင့်ပတ်သက်၍ ကြီးကြပ်ခြင်း၊ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ နေရာနှင့်အချိန်ကာလ သတ်မှတ်ခြင်း၊

( ဂ ) တိုင်းဒေသကြီး နယ်နိမိတ်အတွင်း လုပ်ငန်းလုပ်ကိုင်သည့်နေရာများ၊ ကိုယ်ပိုင်ဈေးများကို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်နေကြောင်း တွေ့ရှိပါက အရေးယူခြင်း၊

( ဃ ) တိုင်းဒေသကြီးနယ်နိမိတ်အတွင်း တည်းခိုခန်း၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာ များအား ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ စစ်ဆေးခြင်း၊ အရေးယူခြင်း၊

( င ) ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်း၊ လုပ်ငန်း တည်ရှိရာ နေရပ်လိပ်စာပြောင်းခြင်း၊ လုပ်ငန်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ လုပ်ငန်းအမျိုးအစား ပြောင်းခြင်း၊ လုပ်ငန်းအချင်းချင်း ပူးပေါင်းခြင်း၊ လုပ်ငန်းခွဲခြားခြင်းများနှင့်ပတ်သက်၍ စိစစ် ခွင့်ပြုခြင်း၊ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

( စ ) ယာယီစီးပွားရေး စုပုံလုပ်ငန်းများအား ယာယီခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊

(ဆ) တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အများပြည်သူ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရန်၊ အလွယ်တကူအသုံးပြုနိုင်ရန် သင့်လျော်သောနေရာများတွင် မြေပေါ်အိမ်သာ၊ မြေအောက်အိမ်သာ တည်ဆောက်ပေးခြင်း၊ အများသုံးအိမ်သာလုပ်ငန်း လုပ်ကိုင်ခွင့်ပေးခြင်း၊

(ဇ) တိုင်းဒေသကြီးနယ်နိမိတ်အတွင်း သင်္ဂြိုဟ်ခြင်းကိစ္စအလို့ငှာ အလောင်းသယ်ခြင်း၊ အလောင်း ယာယီထည့်သည့် အအေးတိုက်နှင့် အသုဘရှုအဆောင်စီမံခွင့်ပြုခြင်း၊ အသုဘယာဉ်လုပ်ငန်း သို့မဟုတ် ခေါင်းအမျိုးမျိုးပြုလုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်းများ ခွင့်ပြုခြင်း၊

(ဈ) တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ယာဉ်ရပ်နားစခန်းဖွင့်လှစ်ခြင်း ယာဉ်ရောင်းဝယ်ရေးစခန်း သို့မဟုတ် ယာဉ်မောင်းသင်ကွင်းတို့ကို သတ်မှတ်စည်းကမ်းနှင့်အညီ ခွင့်ပြုခြင်း၊

(ည) တိုင်းဒေသကြီးနယ်နိမိတ်အတွင်း လမ်းများ၊ ဓာတ်အားပေးတိုင်များ၊ တယ်လီဖုန်းတိုင်များ၊ တံတား များအပေါ်တွင်ဖြစ်စေ၊ အစိုးရအဖွဲ့အစည်းဆိုင်ရာ မြေကွက်များ၊ ပုဂ္ဂလိကပိုင်မြေကွက်များ သို့မဟုတ် တိုက်နံရံများပေါ်တွင်ဖြစ်စေ၊ မြို့တွင်းပြေးဆွဲနေသော ယာဉ်များတွင်ဖြစ်စေ ကြော်ငြာ ဆိုင်းဘုတ်စိုက်ထူခြင်း၊ တပ်ဆင်ခြင်း၊ ကြော်ငြာခြင်း၊ ချိတ်ဆွဲခြင်း၊ ရေးသားခြင်းတို့အတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုခြင်း၊

(ဋ) တိုင်းဒေသကြီးနယ်နိမိတ်အတွင်း မော်တော်ယာဉ်လိုင်းများ၏ ရုံး၊ အဆောက်အဦမြေနေရာ များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုခြင်း။

## အခန်း (၄)
## လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၅။ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လုပ်ကိုင်လိုသူသည် သက်ဆိုင်ရာလုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၆။ ကော်မတီသည် -

(က) ပုဒ်မ ၅ အရ လျှောက်ထားသည့် လျှောက်လွှာပါ အချက်များ မှန်ကန်မှု ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိထံ သဘောထားမှတ်ချက် တောင်းခံနိုင်သည်။

(ဂ) လျှောက်ထားချက်အရ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ငြင်းပယ်ခြင်းကို လျှောက်ထားသူထံ ရက်ပေါင်း ၉၀ အတွင်း စာဖြင့် အကြောင်းကြားရမည်။

(င) လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုလျှင် သတ်မှတ်သည့် လိုင်စင်ခကို ပေးသွင်းစေပြီး သတ်မှတ် ထားသည့် လုပ်ငန်းလိုင်စင်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၇။ လုပ်ငန်းလုပ်ကိုင်သူသည် လုပ်ငန်းလိုင်စင်သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင် လိုပါက လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ရန် သက်တမ်းမကုန်မီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၈။ ကော်မတီသည် -

(က) လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပါအချက်များ မှန်ကန်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိထံ သဘောထားမှတ်ချက် တောင်းခံနိုင်သည်။

(ဂ) လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းကို လျှောက်ထားသူထံ ရက်ပေါင်း ၉၀ အတွင်း စာဖြင့် အကြောင်းကြားရမည်။

(င) ပုဒ်မခွဲ (ဂ) အရ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင် သတ်မှတ်သည့် ရက်အတွင်း လျှောက်ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခကိုလည်းကောင်း၊ သတ်မှတ်သည့်ရက် အတွင်း မလျှောက်ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခနှင့် ဒဏ်ကြေးတို့ကိုလည်းကောင်း ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရမည်။

၉။ ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူသည် လုပ်ငန်းလိုင်စင်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် လုပ်ငန်းလိုင်စင်မိတ္တူမှန်ရရှိရန် ခိုင်လုံသောအထောက်အထားများ ပူးတွဲ၍ ကော်မတီသို့ လျှောက်ထားရမည်။

၁၀။ ကော်မတီသည် -

(က) ပုဒ်မ ၉ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်၍ လုပ်ငန်းလိုင်စင်မိတ္တူထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် မိတ္တူထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်မိတ္တူကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၁။ ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူသည် လုပ်ငန်းနှင့်စပ်လျဉ်း၍ အမည်ပြောင်းခြင်း၊ တည်ရှိရာ နေရပ် လိပ်စာပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ အမျိုးအစားပြောင်းခြင်း သို့မဟုတ် အချင်းချင်းပူးပေါင်းခြင်း၊ ခွဲခြားခြင်း ဆောင်ရွက်လိုပါက လုပ်ငန်းလိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၁၂။ ကော်မတီသည် -

(က) ပုဒ်မ ၁၁ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်မှု ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက လျှောက်လွှာပါအချက်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်သည်။

(ဂ) လျှောက်ထားချက်အရ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၃။ ကော်မတီသည် ထုတ်ပေးထားသည့် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လုပ်ငန်းလုပ်ကိုင်သူက ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရလျှင် အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ် နိုင်သည် -

(က) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ခ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

၁၄။ (က) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရသူသည် သတ်မှတ်ကာလကုန်ဆုံးသည့်အခါ လိုင်စင်ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထား နိုင်သည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်၍ လိုင်စင်ကို ပြန်လည် ထုတ်ပေးနိုင်သည်။

## အခန်း (၅)
## ယာယီဇာတ်ရုံဆောက်လုပ်ခွင့်ပြုခြင်း

၁၅။ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ယာယီဇာတ်ရုံဆောက်လုပ်လိုသူသည် ယာယီဇာတ်ရုံဆောက်လုပ်ခွင့်ရရှိရန် ကော်မတီသို့ လျှောက်ထားရမည်။

၁၆။ ကော်မတီသည် -

(က) ပုဒ်မ ၁၅ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်မှု ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိတို့ထံ သဘောထားမှတ်ချက် တောင်းခံနိုင်သည်။

(ဂ) လျှောက်ထားချက်အပေါ် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ယာယီဇာတ်ရုံဆောက်လုပ်ခွင့်ပြုလျက် သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး စည်းကမ်းချက်များသတ်မှတ်၍ ကာလအကန့်အသတ်ဖြင့် ယာယီဇာတ်ရုံ ဆောက်လုပ်ရန် ခွင့်ပြုမိန့်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

## အခန်း (၆)
## ယာဉ်ဖြင့် လှည့်လည်ရောင်းချခွင့်လိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၇။ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ယာဉ်ဖြင့် လှည့်လည်ရောင်းချခွင့်လိုင်စင်ရရှိလိုသူသည် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၁၈။ ကော်မတီသည် -

(က) ပုဒ်မ ၁၇ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်မှု ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လျှောက်ထားချက်အပေါ် လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းကို လျှောက်ထားသူထံ ရက်ပေါင်း ၉၀ အတွင်း စာဖြင့် အကြောင်းကြားရမည်။

## အခန်း (၇)
## လမ်းဘေးဈေးဆိုင်နှင့် အိမ်ဆိုင်များကို ကြီးကြပ်ခြင်း

၁၉။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း နေ့လမ်းဘေးဈေးဆိုင်နှင့် ညလမ်းဘေးဈေးဆိုင်များကို ဖွင့်လှစ်ရမည့်နေရာ၊ ရောင်းချရမည့်ကုန်ပစ္စည်း၊ ဖွင့်လှစ်ရမည့်အချိန်နှင့် ပိတ်သိမ်းရမည့် အချိန်၊ ပေးဆောင်ရမည့် အခွန်အခတို့ကို သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၂၀။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင်နှင့် ကုန်တိုက်များ ဖွင့်လှစ်ရောင်းချခြင်းကို သတ်မှတ်သည့် အခွန်အခပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၂၁။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း လမ်းဘေးဈေးဆိုင် သို့မဟုတ် အိမ်ဆိုင်ကို ဖွင့်လှစ်ခွင့်ပြုရာတွင် အနီးကပ်ဆုံးအိမ်နှင့် မျက်နှာမူလျက်ရှိသော အိမ်တွင် နေထိုင်အသုံးပြုသူက ကန့်ကွက်လျှင် ကန့်ကွက်ချက်များကို ထည့်သွင်းစဉ်းစားပြီးမှသာ ဖွင့်လှစ်ခွင့်ပြုသင့် မသင့် အဆုံးအဖြတ်ပြုရမည်။

၂၂။ လမ်းဘေးဈေးဆိုင်ရောင်းချသူသည် ကော်မတီက သတ်မှတ်သည့်နေရာတွင် သတ်မှတ်သည့်အချိန်အတွင်း သတ်မှတ်ထားသည့် ကုန်ပစ္စည်းကိုသာ ရောင်းချရမည်။

၂၃။ ကော်မတီသည် လမ်းဘေးဈေးဆိုင်၊ အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင်နှင့် ကုန်တိုက်များ ဖွင့်လှစ်ရောင်းချခြင်းကို ကြီးကြပ်နိုင်ရန် ကော်မတီ၏ စည်ပင်သာယာ ဝန်ထမ်းတစ်ဦးဦးကိုသော်လည်းကောင်း၊ အဖွဲ့ဖွဲ့၍သော်လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။

၂၄။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို အခွန်အခ ကောက်ခံပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးနိုင်သည် -

(က) ကော်မတီက သတ်မှတ်ထားသော အတိုင်းအတာပြည့်မီသည့် နံရံကပ်ဆိုင် ဖွင့်လှစ်ရောင်းချခြင်း၊

(ခ) လှေကားခွင်တွင် ရောင်းချခြင်း၊

(ဂ) လက်ပွေ့ရောင်းချခြင်း။

၂၅။ ကော်မတီသည် ပုဒ်မ ၂၄ အရ ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ရောင်းချသူက သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ခ) ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း။

၂၆။ ကော်မတီသည် ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) အရ ဒဏ်ကြေးငွေတပ်ရိုက်နိုင်ရန်အလို့ငှာ ရောင်းချသည့် လုပ်ငန်းအမျိုးအစားအလိုက် စည်းကမ်းချက်များ သတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၂၇။ (က) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း ခံရသူသည် ခွင့်ပြုချက်ကို ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ထပ်မံ၍ ဖောက်ဖျက်ခြင်းမပြုပါဟု ဝန်ခံကတိပြုလျှင် ခွင့်ပြုချက်ကို ပြန်လည် ထုတ်ပေးနိုင်သည်။

၂၈။ ကော်မတီသည် လမ်းဘေးဈေးဆိုင်၊ အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင်နှင့် ကုန်တိုက်များတွင် ခင်းကျင်းရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေးရန် သက်ဆိုင်ရာ အစားအသောက်နှင့်ဆေးဝါးများကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၈)

## ကိုယ်ပိုင်ဈေးလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၉။ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ကိုယ်ပိုင်ဈေး ဖွင့်လှစ်ဆောင်ရွက်လုပ်ကိုင်လိုလျှင် ကိုယ်ပိုင်ဈေးဖွင့်လှစ်ခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၃၀။ ကော်မတီသည် -

(က) ပုဒ်မ ၂၉ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိတို့ထံ သဘောထားမှတ်ချက် တောင်းခံနိုင်သည်။

(ဂ) လျှောက်ထားချက်အပေါ် လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းကို လျှောက်ထားသူထံ ရက်ပေါင်း ၉၀ အတွင်း စာဖြင့်အကြောင်းကြားရမည်။

(င) လိုင်စင်ထုတ်ပေးရန် ခွင့်ပြုလျှင် သတ်မှတ်သည့် လိုင်စင်ခကို ပေးသွင်းစေပြီး လိုင်စင်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၃၁။ ကော်မတီသည် ကိုယ်ပိုင်ဈေး၏ အကျယ်အဝန်း၊ အဆောက်အအုံအမျိုးအစား ရောင်းဝယ်ဖောက်ကားမှုအခြေအနေတို့ကို ထောက်ရှု၍ ကိုယ်ပိုင်ဈေးများကို အဆင့်ခွဲခြားသတ်မှတ်နိုင်သည်။

၃၂။ ကိုယ်ပိုင်ဈေးပိုင်ရှင်သည် -

(က) ကိုယ်ပိုင်ဈေးအဆောက်အအုံ ခိုင်ခံ့ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို တာဝန်ယူရမည်။

(ခ) ကိုယ်ပိုင်ဈေးသန့်ရှင်းရေး၊ လုံခြုံရေးနှင့်မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ အထွေထွေ စီမံခန့်ခွဲရေးတို့အတွက် ကော်မတီက သတ်မှတ်သည့်အတိုင်း တာဝန်ယူဆောင်ရွက်ရမည်။

(ဂ) ကိုယ်ပိုင်ဈေးဝန်းကျင်တွင် လိုအပ်ပါက ယာဉ်ရပ်နားနေရာများ စီမံထားရှိရမည်။

၃၃။ ကိုယ်ပိုင်ဈေးပိုင်ရှင်သည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ရန် သက်တမ်းမကုန်မီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၃၄။ ကော်မတီသည် -

(က) ကိုယ်ပိုင်ဈေးလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပါအချက်များ မှန်ကန်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိတို့ထံ သဘောထားမှတ်ချက် တောင်းခံနိုင်သည်။

(ဂ) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းကို လျှောက်ထားသူထံ ရက်ပေါင်း ၉၀ အတွင်း စာဖြင့် အကြောင်းကြားရမည်။

(င) ပုဒ်မခွဲ (ဂ) အရ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုလျှင် သတ်မှတ်သည့်ရက်အတွင်း လျှောက်ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခကိုလည်းကောင်း၊ သတ်မှတ်သည့်ရက်အတွင်း မလျှောက်ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခနှင့် ဒဏ်ကြေးတို့ကိုလည်းကောင်း ပေးသွင်းစေပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးရမည်။

၃၅။ ကိုယ်ပိုင်ဈေးပိုင်ရှင်သည် ကိုယ်ပိုင်ဈေးလိုင်စင်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် လုပ်ငန်းလိုင်စင် မိတ္တူရရှိရန် ခိုင်လုံသောအထောက်အထားများပူးတွဲ၍ ကော်မတီသို့ လျှောက်ထားရမည်။

၃၆။ ကော်မတီသည် -

(က) ပုဒ်မ ၃၅ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်၍ ကိုယ်ပိုင်ဈေးလိုင်စင်မိတ္တူထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လိုင်စင်မိတ္တူထုတ်ပေးရန်ခွင့်ပြုပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး ကိုယ်ပိုင်ဈေးလိုင်စင်မိတ္တူကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၃၇။ ကိုယ်ပိုင်ဈေးပိုင်ရှင်သည် ကိုယ်ပိုင်ဈေးနှင့် စပ်လျဉ်း၍ အမည်ပြောင်းခြင်း၊ တည်ရှိရာနေရပ်လိပ်စာ ပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ အမျိုးအစားပြောင်းခြင်း သို့မဟုတ် အချင်းချင်း ပူးပေါင်းခြင်း၊ ခွဲခြားခြင်း

ဆောင်ရွက်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့် အညီ ကော်မတီသို့ လျှောက်ထားရမည်။

၃၈။ ကော်မတီသည် -

(က) ပုဒ်မ ၃၇ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်မှု ရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက လျှောက်လွှာပါအချက်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်သည်။

(ဂ) လျှောက်ထားချက်ကိုခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၉။ ကော်မတီသည် သတ်မှတ်ထားသောဈေးများဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ကိုယ်ပိုင်ဈေး ပိုင်ရှင်က ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ကိုယ်ပိုင်ဈေးလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဂ) ကိုယ်ပိုင်ဈေးလိုင်စင်ကို ပယ်ဖျက်ခြင်း။

၄၀။ ကော်မတီသည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ ဒဏ်ကြေးငွေတပ်ရိုက်နိုင်ရန်အလို့ငှာ ကိုယ်ပိုင်ဈေး အဆင့်အလိုက်တပ်ရိုက်မည့်ဒဏ်ကြေးငွေကို ကြိုတင်သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၄၁။ ကော်မတီသည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ တစ်နှစ်အတွင်း ဒဏ်ကြေးငွေ အနည်းဆုံး သုံးကြိမ် တပ်ရိုက်ခြင်းခံရသော ကိုယ်ပိုင်ဈေးပိုင်ရှင်၏ ကိုယ်ပိုင်ဈေးလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်း နိုင်သည်။

၄၂။ ကိုယ်ပိုင်ဈေးပိုင်ရှင်သည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ ကိုယ်ပိုင်ဈေးလိုင်စင် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရသည့် သတ်မှတ်ကာလ ကုန်ဆုံးသည့်အခါ ကိုယ်ပိုင်ဈေးလိုင်စင် ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

၄၃။ ကော်မတီသည် ပုဒ်မ ၄၂ အရ လျှောက်ထားလာလျှင် ကိုယ်ပိုင်ဈေးပိုင်ရှင်က ဈေးများဆိုင်ရာ စည်းကမ်းချက်များကို ထပ်မံ၍ ဖောက်ဖျက်ခြင်းမပြုပါဟူ၍ ဝန်ခံကတိပြုပြီး ရုပ်သိမ်းခြင်းခံရသည့် ကာလ အတွက် ကော်မတီက သတ်မှတ်သည့် အခကြေးငွေများကို အကျေပေးသွင်းပြီးပါက ကိုယ်ပိုင်ဈေးလိုင်စင်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

၄၄။ ကော်မတီသည် ပုဒ်မ ၄၃ အရ ကိုယ်ပိုင်ဈေးပိုင်ရှင်က လိုင်စင်ပြန်လည်ရရှိပြီးနောက် သတ်မှတ် ထားသည့် ဈေးများဆိုင်ရာ စည်းကမ်းချက် တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက် ကျူးလွန်လျှင် ကိုယ်ပိုင်ဈေး လိုင်စင်ကို ပယ်ဖျက်နိုင်သည်။

၄၅။ ကော်မတီသည် ကိုယ်ပိုင်ဈေးအသီးသီးရှိ ဆိုင်ခန်းများတွင် ခင်းကျင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ မရှိ စစ်ဆေးရန် သက်ဆိုင်ရာ အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၉)

## တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသောအဆောက်အအုံလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄၆။ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသောအဆောက်အအုံ ဖွင့်လှစ်ဆောင်ရွက် လုပ်ကိုင်လိုလျှင် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ ဖွင့်လှစ်ခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၄၇။ ကော်မတီသည် -

(က) ပုဒ်မ ၄၆ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။

(ခ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ၏ သန့်ရှင်းရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ အထွေထွေစီမံခန့်ခွဲရေးတို့ အတွက် ကော်မတီက သတ်မှတ်သည့်အတိုင်း တာဝန်ယူဆောင်ရွက်ရမည်။

(ဂ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ၏ ဝန်းကျင်တွင်လိုအပ်ပါက ယာဉ်ရပ်နားရန် နေရာများ စီမံထားရှိရမည်။

၄၈။ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင် သည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်း တိုးမြှင့်ရန် သက်တမ်းမကုန်မီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၄၉။ ကော်မတီသည် -

(က) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပါအချက်များ မှန်ကန်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိထံ သဘောထားမှတ်ချက် တောင်းခံနိုင်သည်။

(ဂ) လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းကို လျှောက်ထားသူထံ ရက်ပေါင်း ၉၀ အတွင်း စာဖြင့် အကြောင်းကြားရမည်။

(င) ပုဒ်မခွဲ (ဂ) အရ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုရန် သတ်မှတ်သည့်ရက်အတွင်း လျှောက်ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခကိုလည်းကောင်း၊ သတ်မှတ်သည့်ရက် အတွင်း မလျှောက်ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခနှင့် ဒဏ်ကြေးတို့ကိုလည်းကောင်း ပေးသွင်းစေပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးရမည်။

၅၀။ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ ပိုင်ရှင်သည် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင် ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် လိုင်စင်မိတ္တူရရှိရန် ခိုင်လုံသော အထောက်အထားများ ပူးတွဲ၍ ကော်မတီသို့ လျှောက်ထားရမည်။

၅၁။ ကော်မတီသည် -

(က) ပုဒ်မ ၅၀ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်၍ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ လိုင်စင်မိတ္တူထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လိုင်စင်မိတ္တူထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ လိုင်စင်မိတ္တူကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၅၂။ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ ပိုင်ရှင်သည် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံနှင့် စပ်လျဉ်း၍ အမည်ပြောင်းခြင်း၊ တည်ရှိရာ နေရပ်လိပ်စာပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ အမျိုးအစားပြောင်းခြင်း သို့မဟုတ် အချင်းချင်းပူးပေါင်းခြင်း၊ ခွဲခြားခြင်း ဆောင်ရွက်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၅၃။ ကော်မတီသည် -

(က) ပုဒ်မ ၅၂ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်မှု ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက လျှောက်လွှာပါ အချက်များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်သည်။

(ဂ) လျှောက်ထားချက်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၅၄။ ကော်မတီသည် သတ်မှတ်ထားသော တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ ပိုင်ရှင်က ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဂ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၅။ ကော်မတီသည် ပုဒ်မ ၅၄၊ ပုဒ်မခွဲ (က) အရ ဒဏ်ကြေးငွေတပ်ရိုက်နိုင်ရန်အလို့ငှာ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံအဆင့်အလိုက် တပ်ရိုက်မည့် ဒဏ်ကြေးငွေကို ကြိုတင်သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၅၆။ ကော်မတီသည် ပုဒ်မ ၅၄၊ ပုဒ်မခွဲ (က) အရ တစ်နှစ်အတွင်း ဒဏ်ကြေးငွေ အနည်းဆုံး သုံးကြိမ် တပ်ရိုက်ခြင်းခံရသော တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်၏ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းနိုင်သည်။

၅၇။ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်သည် ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ) အရ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရသည့် သတ်မှတ်ကာလကုန်ဆုံးသည့်အခါ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင် ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

၅၈။ ကော်မတီသည် ပုဒ်မ ၅၇ အရ လျှောက်ထားလာလျှင် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်က တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံဆိုင်ရာ စည်းကမ်းချက်များကို ထပ်မံ၍ ဖောက်ဖျက်ခြင်း မပြုပါဟူ၍ ဝန်ခံကတိပြုပြီး ရုပ်သိမ်းခြင်းခံရသည့်ကာလအတွက် ကော်မတီက သတ်မှတ်သည့်အခကြေးငွေများကို အကျေပေးသွင်းပြီးပါက တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

၅၉။ ကော်မတီသည် ပုဒ်မ ၅၈ အရ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်က လိုင်စင် ပြန်လည်ရရှိပြီးနောက် သတ်မှတ်ထားသည့် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံဆိုင်ရာစည်းကမ်းချက် တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက်ကျူးလွန်လျှင် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်ကို ပယ်ဖျက်နိုင်သည်။

၆၀။ ကော်မတီသည် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံအသီးသီးရှိ အခန်း၊ ဥပစာများတွင် အစားအသောက်နှင့် အခြားပစ္စည်းတစ်ရပ်ရပ်ကို ခင်းကျင်းရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ မရှိ စစ်ဆေးရန် သက်ဆိုင်ရာအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၁၀)
## တားမြစ်ချက်များ

၆၁။ မည်သူမျှ ကော်မတီက ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်မရှိဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၆၂။ မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ယာယီဇာတ်ရုံ ဆောက်လုပ်ခြင်းမပြုရ။

၆၃။ မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင် သို့မဟုတ် ကုန်တိုက်များ ဖွင့်လှစ်ရောင်းချခြင်းမပြုရ။

၆၄။ မည်သူမျှ ကော်မတီက ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်မရှိဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ကိုယ်ပိုင်ဈေးဖွင့်လှစ်ရောင်းချခြင်းမပြုရ။

၆၅။ မည်သူမျှ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း -

(က) ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ လမ်းဘေးဈေးဆိုင် ဖွင့်လှစ်ရောင်းချခြင်းမပြုရ၊

(ခ) ကော်မတီက ကန့်သတ်ထားသည့် နေရာနှင့် အချိန်တို့တွင် လမ်းဘေးဈေးဆိုင်ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

၆၆။ မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း -

(က) နံရံကပ်ဆိုင် ဖွင့်လှစ်ဆောင်ရွက်ခြင်း မပြုရ၊

(ခ) လှေကားခွင်တွင်း ရောင်းချခြင်းမပြုရ၊

(ဂ) လက်ပွေ့ရောင်းချခြင်း မပြုရ။

၆၇။ မည်သူမျှ ကော်မတီက ထုတ်ပေးထားသောယာဉ်ဖြင့် လှည့်လည်ရောင်းချခွင့်လိုင်စင်မရှိဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ ထီလက်မှတ် သို့မဟုတ် ကုန်ပစ္စည်းများကို လှည့်လည်ကြော်ငြာခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

၆၈။ မည်သူမျှ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ခွင့်ပြုချက်မရှိဘဲ အညစ်ကြေးစွန့်ထုတ်မှုလုပ်ငန်း စနစ်များနှင့် အညစ်ကြေးသန့်စင်မှုလုပ်ငန်းစနစ်များကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၆၉။ မည်သူမျှ -

(က) သုသာန်မှအပ အခြားနေရာတစ်ခုခုတွင် အလောင်းကို သင်္ဂြိုဟ်ခြင်းမပြုရ။

(ခ) မှတ်ပုံတင်လက်မှတ်မရှိဘဲ အသုဘယာဉ်လုပ်ငန်း သို့မဟုတ် ခေါင်းတစ်မျိုးမျိုးပြုလုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

(ဂ) မိမိပိုင်အဆောက်အဦကို အအေးတိုက်၊ အသုဘရှုအဆောင် သို့မဟုတ် မီးသင်္ဂြိုဟ်စက်အဖြစ် တည်ဆောက်ခြင်း၊ အသုံးပြုခြင်း သို့မဟုတ် လုပ်ကိုင်ခြင်းမပြုရ။

၇၀။ မည်သူမျှ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ယာဉ်ရပ်နားစခန်း၊ ယာဉ်ရောင်းဝယ်ရေးစခန်း သို့မဟုတ် ယာဉ်မောင်းသင်ကွင်းအဖြစ် မပြုလုပ်ရ။

၇၁။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း၊ တပ်ဆင်ခြင်း၊ ကပ်ခြင်း၊ ချိတ်ဆွဲခြင်း သို့မဟုတ် ရေးဆွဲခြင်းမပြုရ။

## အခန်း (၁၁)
## ပြစ်ဒဏ်များ

၇၂။ မည်သူမဆို ပုဒ်မ ၆၁၊ ပုဒ်မ ၆၂၊ ပုဒ်မ ၆၃၊ ပုဒ်မ ၆၄၊ ပုဒ်မ ၆၅၊ ပုဒ်မ ၆၆၊ ပုဒ်မ ၆၇ တို့အရ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် အနည်းဆုံး ကျပ်နှစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၂)
## အထွေထွေ

၇၃။ ကော်မတီသည် လိုင်စင်ခ၊ အခွန်အခ၊ သက်တမ်းတိုးမြှင့်ခ၊ ဒဏ်ကြေးနှင့် ဝန်ဆောင်မှုအခကြေးငွေ တို့ကို သတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၇၄။ ကော်မတီသည် ဤဥပဒေအရ ကင်းလွတ်ခွင့်ရှိသော အိမ်ဆိုင်အမျိုးအစားကို သတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၇၅။ ကော်မတီအဖွဲ့ဝင်၊ ကော်မတီအရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းအသီးသီးကိုလည်းကောင်း၊ ကော်မတီက အခဖြင့်ငှားရမ်းထားသူအသီးသီး၊ ကော်မတီက စည်းကြပ်ထားသည့် အခွန်၊ အခ၊ အကောက်တို့ အရ တောင်းခံသည့် ကိုယ်စားလှယ်အသီးသီးကိုလည်းကောင်း ပြည်သူ့ဝန်ထမ်းဟု မှတ်ယူရမည်။

၇၆။ ကော်မတီသည် ဤဥပဒေအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၇၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီး သို့မဟုတ် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာများ၊ အမိန့်ညွှန်ကြားချက်များကို အစိုးရအဖွဲ့ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး၊
ဝန်ကြီးချုပ်၊
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့။

# ရှမ်းပြည်နယ် သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေ
# ( ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁၂။ )

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ နှင့် ဇယား (၂)၊ စဉ် ၃ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရှမ်းပြည်နယ်အတွင်း သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးအတွက် ရှမ်းပြည်နယ်လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ရှမ်းပြည်နယ် သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ရှမ်းပြည်နယ်အတွင်း အာဏာသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော သဘာဝမြေသြဇာကော်မတီကို ဆိုသည်။

(စ) **သဘာဝမြေဩဇာ**ဆိုသည်မှာ သက်ရှိသတ္တဝါနှင့် အပင်တို့၏ ရုပ်ကြွင်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် ဘေးထွက်ပစ္စည်းများကိုလည်းကောင်း၊ ယင်းတို့ကို ဆွေးမြေ့စေပြီး ပြုပြင်စီမံ၍ ရရှိသောပစ္စည်းများကိုလည်းကောင်း ဆိုသည်။

(ဆ) **စံချိန်စံညွှန်း**ဆိုသည်မှာ သဘာဝမြေဩဇာတွင် ပါဝင်ရမည့် အပင်အာဟာရဓာတ် သို့မဟုတ် အခြားလိုအပ်သော ပစ္စည်းများ၏အချိုးအစား၊ အရည်အသွေးနှင့်စပ်လျဉ်း၍ ကော်မတီက စံအဖြစ် သတ်မှတ်ပေးချက်ကို ဆိုသည်။

(ဇ) **အဆိပ်ရှိပစ္စည်း**ဆိုသည်မှာ သက်ရှိသတ္တဝါ သို့မဟုတ် အပင်ကို အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓာတုပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(ဈ) **အရည်အသွေးအာမခံချက်**ဆိုသည်မှာ သဘာဝမြေဩဇာထုတ်လုပ်သူက စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိကြောင်း အာမခံချက်ကိုလည်းကောင်း၊ ပြည်ပသို့ တင်ပို့သူက ပြည်ပနှင့်ချုပ်ဆိုသည့် သဘောတူစာချုပ်ပါ စံချိန်စံညွှန်းနှင့်ကိုက်ညီမှုရှိကြောင်း အာမခံချက်ကိုလည်းကောင်း ဆိုသည်။

(ည) **ကုန်အမှတ်တံဆိပ်**ဆိုသည်မှာ သဘာဝမြေဩဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် ကုန်တံဆိပ်အမှတ်အသားကို ဆိုသည်။

(ဋ) **သဘာဝမြေဩဇာလုပ်ငန်း**ဆိုသည်မှာ စိုက်ပျိုးသူတစ်ဦးဦးက မိမိကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းတွင် သုံးစွဲရန်ပြုလုပ်သည့် သဘာဝမြေဩဇာမှတစ်ပါး သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းကို ဆိုသည်။

(ဌ) **သိုလှောင်ခြင်း**ဆိုသည်မှာ သဘာဝမြေဩဇာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန်အလို့ငှာ စုဆောင်းသိမ်းဆည်းထားခြင်းကို ဆိုသည်။

(ဍ) **ဖြန့်ဖြူးရောင်းချခြင်း**ဆိုသည်မှာ လိုင်စင်လျှောက်ထားရယူရန်အလို့ငှာ ကော်မတီက သတ်မှတ်သော အလေးချိန်၊ ပမာဏထက် ကျော်လွန်၍ သဘာဝမြေဩဇာဖြန့်ဖြူးရောင်းချခြင်းကို ဆိုသည်။

(ဎ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်လက်မှတ်ကို ဆိုသည်။

(ဏ) **လိုင်စင်**ဆိုသည်မှာ သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်လက်မှတ်ကို ဆိုသည်။

(တ) **ဦးစီးဌာနမှူး**ဆိုသည်မှာ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ခံများကို ဆိုသည်။

(ထ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဝန်ကြီးက စစ်ဆေးရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်သည့်အဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရှမ်းပြည်နယ်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်။

(ခ) သဘာဝမြေဩဇာလုပ်ငန်းများကို စနစ်တကျကွပ်ကဲထိန်းသိမ်းနိုင်စေရန်။

(ဂ) အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော သဘာဝမြေသြဇာများကို စိုက်ပျိုးသူများ သုံးစွဲနိုင်စေရန်။

(ဃ) သင့်လျော်သော သဘာဝမြေသြဇာများကို သုံးစွဲခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေရန်။

(င) သဘာဝမြေသြဇာကို စိုက်ပျိုးသူများ စနစ်တကျသုံးစွဲနိုင်ရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေရန်။

(စ) သဘာဝမြေသြဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရဌာနအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန်။

(ဆ) ပြည်သူများ ဘေးအန္တရာယ်ကင်းစွာ စားသုံးနိုင်စေရေးအတွက် သဘာဝသြဂဲနစ်စိုက်ပျိုးရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်စေရန်။

## အခန်း (၃)
## ကော်မတီ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် -

(က) ဝန်ကြီးက ဉက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၅။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သဘာဝမြေသြဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း။

(ခ) သဘာဝမြေသြဇာ၏ စံချိန်စံညွှန်းကို သတ်မှတ်ပေးခြင်း။

(ဂ) ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လိုင်စင်ရယူရန်လိုအပ်သည့် သဘာဝမြေသြဇာအလေးချိန်ပမာဏကို သတ်မှတ်ခြင်း။

(ဃ) သဘာဝမြေသြဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုကင်းရှင်းစေရေး၊ လူနှင့်တိရစ္ဆာန်များကို အန္တရာယ်မဖြစ်စေရေးတို့အတွက် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း။

(င) မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

(စ) မှတ်ပုံတင်လက်မှတ်ကိုပယ်ဖျက်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးခြင်း။

(ဆ) မှတ်ပုံတင်လက်မှတ်သက်တမ်းသတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ပါစည်းကမ်းချက်များ ရေးဆွဲခြင်း။

(ဇ) သဘာဝမြေသြဇာနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်စေခြင်း။

(ဈ) စိုက်ပျိုးသူများက သဘာဝမြေသြဇာကို စနစ်တကျသုံးစွဲကြစေရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ည) သဘာဝမြေသြဇာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရဌာနအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၆။ ကော်မတီသည် မိမိ၏တာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် -

(က) ကော်မတီအတွင်းရေးမှူးအား အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်စေလျက် သင့်လျော်သော ကျွမ်းကျင်ပညာရှင်များဖြင့် သဘာဝမြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့ကို ဖွဲ့စည်းပြီး ယင်းအဖွဲ့၏ တာဝန်များကို သတ်မှတ်ပေးရမည်။

(ခ) သင့်လျော်သောပုဂ္ဂိုလ်များဖြင့် လုပ်ငန်းဆိုင်ရာဆပ်ကော်မတီများကို ဖွဲ့စည်းပြီး ယင်းဆပ်ကော်မတီများ၏ တာဝန်များကို သတ်မှတ်ပေးရမည်။

## အခန်း (၅)
## မှတ်ပုံတင်လက်မှတ်

၇။ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်သည့်ပုံစံဖြင့် ကော်မတီသို့ လျှောက်ထားရမည်။

၈။ ကော်မတီသည် -

(က) ပုဒ်မ ၇ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီ၊ မညီ သဘာဝမြေသြဇာဆိုင်ရာနည်းပညာအဖွဲ့အား စိစစ်ဆေးတင်ပြစေရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြချက်များကို စိစစ်ပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၉။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) အရည်အသွေးအာမခံချက်၊ အမှတ်တံဆိပ်နှင့် စံချိန်စံညွှန်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) သက်ဆိုင်ရာ ဦးစီးဌာနမှူးနှင့် စစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၁၀။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုလျှင် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း (၃၀) ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၁၁။ ကော်မတီသည် -

(က) ပုဒ်မ ၁၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လျှောက်ထားသူအား မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရမည်။ ငြင်းပယ်ပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်မပေးရသည့် အကြောင်း ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၂။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၆)
## လိုင်စင်

၁၃။ (က) သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်းအကြောင်းဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၄။ (က) သဘာဝမြေဩဇာကို ဖြန့်ဖြူးရောင်းချခြင်းလုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီထံ လျှောက်ထားရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်းအကြောင်းဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၅။ လိုင်စင်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ကော်မတီနှင့် စစ်ဆေးရေးအဖွဲ့ လာရောက်စစ်ဆေးသည့်အခါတွင် စစ်ဆေးခြင်းကို ခံယူရမည်။

၁၆။ သဘာဝမြေဩဇာကို ပေါင်းစပ်ခြင်း၊ ရောနှောခြင်း သို့မဟုတ် ပြန်လည်ထုပ်ပိုးခြင်းလုပ်ငန်းလိုင်စင်ရရှိသူသည် မြေဩဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့်ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(က) ကုန်အမှတ်တံဆိပ်နှင့် လိုင်စင်အမှတ်

(ခ) သဘာဝမြေဩဇာ၏ အသားတင်အလေးချိန်

(ဂ) အရည်အသွေးအာမခံချက်

(ဃ) သဘာဝမြေဩဇာတွင်ပါဝင်သော အပင်အတွက် အာဟာရပါဝင်မှုရာခိုင်နှုန်း

(င) သဘာဝမြေဩဇာတွင်ပါဝင်သော ပေါင်းစပ်ရောနှောသည့် ပစ္စည်းများ၏ အမည်နှင့်အမျိုးအစား

(စ) သုံးစွဲရန်အညွှန်းစာ

(ဆ) ထုတ်လုပ်သည့်ရက်စွဲ

၁၇။ သဘာဝမြေသြဇာသိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းလိုင်စင်ရရှိသူသည် ပုဒ်မ ၁၆ ပါ အချက်များ ဖော်ပြထားသော သဘာဝမြေသြဇာကိုသာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း ပြုရမည်။

၁၈။ ဝန်ကြီးသည် ကော်မတီက ထုတ်ပေးခွင့်ရှိသည့် လိုင်စင်၏သက်တမ်းကို သတ်မှတ်ပေးရမည်။

၁၉။ (က) သဘာဝမြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်း လုပ်ငန်းလိုင်စင် ရရှိသူသည် ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် သက်တမ်းမကုန်မီ အနည်းဆုံးရက်ပေါင်း (၃၀) ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၀။ (က) သဘာဝမြေသြဇာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင် ရရှိသူသည် ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် သက်တမ်းမကုန်မီ အနည်းဆုံးရက်ပေါင်း (၃၀) ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီထံ လျှောက်ထားရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၁။ သဘာဝမြေသြဇာလုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၇)
## စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ခြင်း

၂၂။ ဝန်ကြီးသည် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၂၃။ စစ်ဆေးရေးအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အဖွဲ့အားတာဝန်ပေးအပ်သည့် နယ်မြေအတွင်းရှိ သဘာဝမြေသြဇာလုပ်ငန်းစစ်ဆေးခြင်း။

(ခ) သဘာဝမြေသြဇာကို စံချိန်စံညွှန်းနှင့် ညီ၊ မညီ စစ်ဆေးရန် သဘာဝမြေသြဇာနမူနာရယူခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်အား ကော်မတီသို့ တင်ပြခြင်း။

(ဂ) သဘာဝမြေသြဇာကို ဘေးအန္တရာယ်ဖြစ်စေသော နည်းလမ်းဖြင့် သုံးစွဲခြင်း ပြု/မပြု စစ်ဆေးခြင်း။

(ဃ) ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက ကော်မတီသို့ တင်ပြခြင်း။

(င) ဝန်ကြီးဌာနကပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၂၄။ စီမံခန့်ခွဲရေးပြစ်ဒဏ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခွင့်ပြုထားသော သဘာဝမြေဩဇာလုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း။

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး သဘာဝမြေဩဇာလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ခွင့်ပြုခြင်း။

(ဂ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း။

(ဃ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၅။ ကော်မတီသည် ပုဒ်မ ၉ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော မှတ်ပုံတင်လက်မှတ်ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

၂၆။ ကော်မတီသည် အောက်ပါအချက်တစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိလျှင် သက်ဆိုင်ရာလိုင်စင်ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) သဘာဝမြေဩဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်း လိုင်စင်ရရှိသူက ပုဒ်မ ၁၅ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

(ခ) သဘာဝမြေဩဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်း လိုင်စင်ရရှိသူက ပုဒ်မ ၁၆ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

(ဂ) သဘာဝမြေဩဇာ သိုလှောင်ခြင်းလိုင်စင် ရရှိသူက ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၂၇။ ကော်မတီသည် ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၇ တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော သဘာဝမြေဩဇာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း (၉)
## အယူခံခြင်း

၂၈။ (က) သဘာဝမြေဩဇာဖြန့်ဖြူးရောင်းချခြင်းလိုင်စင်နှင့်စပ်လျဉ်း၍ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့် နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း သတ်မှတ်ချက်နှင့်အညီ အစိုးရအဖွဲ့သို့ အယူခံနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) အစိုးရအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ရမည်။

## အခန်း (၁၀)
## တားမြစ်ချက်များ

၂၉။ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း မပြုလုပ်ရ။

၃၀။ မည်သူမျှ လိုင်စင်မရှိဘဲ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရ။

၃၁။ မည်သူမျှ မူလစံချိန်စံညွှန်းနှင့်ကိုက်ညီခြင်းမရှိသော သဘာဝမြေသြဇာကိုဖြစ်စေ၊ သဘာဝမြေသြဇာ အတုကိုဖြစ်စေ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရ။

၃၂။ မည်သူမျှ အဆိပ်ရှိပစ္စည်းများရောနှောပါဝင်သော သဘာဝမြေသြဇာကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

၃၃။ မည်သူမျှ သဘာဝမြေသြဇာကို ဘေးအန္တရာယ်ဖြစ်စေသောနည်းလမ်းဖြင့် သုံးစွဲခြင်းမပြုရ။

၃၄။ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို လိုက်နာရန် ပျက်ကွက်နေသူအား ဤဥပဒေမှအပ အခြားနည်းဖြင့် အရေးမယူရ။

## အခန်း (၁၁)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၅။ မည်သူမဆို ပုဒ်မ ၂၉၊ ၃၀၊ ၃၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား (၁) နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၅၀၀၀၀) ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား (၂) နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၁၀၀၀၀၀) ထက်မပိုသော ငွေဒဏ် ဖြစ်စေ ချမှတ်ရမည်။

၃၇။ မည်သူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား (၆) လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၃၀၀၀၀) ထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၃၈။ မည်သူမဆို စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို လိုက်နာရန် ပျက်ကွက်သဖြင့် ပုဒ်မ ၃၄ ကို ဖောက်ဖျက် ကျူးလွန်သည်ဟု ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား (၃) လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၃၀၀၀၀) ထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ ချမှတ်ရမည်။

၃၉။ တရားရုံးသည် ပြစ်မှု၌ တင်ပြထားသော သက်သေခံမြေသြဇာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်လျှင် ယင်းမြေသြဇာများကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

## အခန်း (၁၂)
## အထွေထွေ

၄၀။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် သဘာဝမြေသြဇာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေသူသည် ဆက်လက် လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း လိုအပ်သော မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရယူရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၄၁။ ဝန်ကြီးဌာနသည် မှတ်ပုံတင်ခ၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခနှင့် ဒဏ်ကြေးငွေတို့ကို သတ်မှတ်ရမည်။

၄၂။ ကော်မတီသည် ဤဥပဒေအရ ရရန်ရှိသော ဒဏ်ကြေးနှင့် အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရန် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနအား တာဝန်ပေးအပ်ရမည်။

၄၃။ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် မိမိလက်ဝယ်တွင်ရှိသော သဘာဝမြေသြဇာနှင့်စပ်လျဉ်း၍ ကော်မတီက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၄၄။ ဤဥပဒေအရ စွဲဆိုသောပြစ်မှုများတွင် သဘာဝမြေသြဇာနှင့်စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန၏ ဓာတ်ခွဲစမ်းသပ်တွေ့ရှိချက် အစီရင်ခံစာကို ပြစ်မှုသက်သေခံချက်အထောက်အထားဖြစ်စေရမည်။

၄၅။ ဤဥပဒေအရ စွဲဆိုသောပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၆။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်သို့ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြားစာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၄၇။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

စဝ်အောင်မြတ်၊
ဝန်ကြီးချုပ်၊
ရှမ်းပြည်နယ်အစိုးရအဖွဲ့။

# မွန်ပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဥပဒေ

**( ၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၆။ )**

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **မွန်ပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှစတင်၍ မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ မွန်ပြည်နယ်ကို ဆိုသည်၊

(ခ) **ပြည်နယ်အစိုးရအဖွဲ့**ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ မွန်ပြည်နယ် အစိုးရအဖွဲ့၊ ဝန်ကြီးဌာနများကို ဆိုသည်၊

(ဃ) **ဝန်ကြီး**ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်၊

(င) **ဂုဏ်ထူးဆောင်လက်မှတ်များနှင့်ဂုဏ်ထူးဆောင်ဆုပစ္စည်းများ**ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ဆိုသည်၊

(စ) **စိစစ်ရေးကော်မတီ**ဆိုသည်မှာ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ရေးနှင့်ပတ်သက်၍ စိစစ်တင်ပြရန် ဤဥပဒေပုဒ်မ ၇ အရ ဖွဲ့စည်းထားသော စိစစ်ရေး ကော်မတီကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်နှင့် မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန်၊

(ခ) စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊

(ဂ) စာပေ၊ ယဉ်ကျေးမှုလုပ်ငန်းများ၊ အမျိုးဘာသာ၊ သာသနာလုပ်ငန်းများကို စွမ်းစွမ်းတမံ ထူးချွန်စွာ ဆောင်ရွက်သူများကို ဂုဏ်ပြုရန်။

## အခန်း (၃)
## ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ သတ်မှတ်ခြင်း

၄။ ပြည်နယ်အစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ရန် အောက်ပါအတိုင်း အမျိုးအစားခွဲခြားသတ်မှတ်နိုင်သည် -

(က) စီးပွားရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊

(ခ) စိုက်ပျိုးရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊

(ဂ) မွေးမြူရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊

(ဃ) စက်မှုလက်မှုထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊

(င) စီမံခန့်ခွဲရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊

(စ) ဝန်ဆောင်မှုထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊

(ဆ) ပညာရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊

(ဇ) ကျန်းမာရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊

(ဈ) လူမှုရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊

(ည) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊

(ဋ) သုတေသနလုပ်ငန်းထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊

(ဌ) ဘာသာ၊ သာသနာထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊

(ဍ) ဝန်ထမ်းမှုထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊

(ဎ) လုံခြုံရေး၊ အေးချမ်းသာယာရေးနှင့်ဥပဒေစိုးမိုးရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊

(ဏ) အားကစားထူးချွန်မှုဂုဏ်ထူးဆောင်ဆု။

၅။ ဤဥပဒေပုဒ်မ ၄ ပါ ထူးချွန်မှုဂုဏ်ထူးဆောင်ဆုအမျိုးအစားအပြင် ပြည်နယ်အစိုးရအဖွဲ့သည် ထူးချွန်မှုဂုဏ်ထူးဆောင်ဆုချီးမြှင့်ထိုက်သူ မည်သူကိုမဆို ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းကို ချီးမြှင့်နိုင်သည်။

၆။ ပြည်နယ်အစိုးရအဖွဲ့သည် ပုဂ္ဂိုလ်တစ်ဦးချင်းအပြင် အဖွဲ့အစည်းများကိုလည်း ဤဥပဒေပုဒ်မ ၄၊ ပုဒ်မ ၅ ပါအတိုင်း ချီးမြှင့်နိုင်သည်။

## အခန်း (၄)
## စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ ပြည်နယ်အစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ရန် စိစစ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည် -

| | | |
|---|---|---|
| (က) | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီး<br>ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန၊ ဝန်ကြီး<br>ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန၊ ဝန်ကြီး<br>ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |

(ဃ) လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန၊ ဝန်ကြီး ပြည်နယ်အစိုးရအဖွဲ့၊ — အဖွဲ့ဝင်

(င) လူမှုရေးဝန်ကြီးဌာန၊ ဝန်ကြီး ပြည်နယ်အစိုးရအဖွဲ့၊ — အဖွဲ့ဝင်

(စ) ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ပြည်နယ်တရားလွှတ်တော်ရုံး၊ — အဖွဲ့ဝင်

(ဆ) ပြည်နယ်ဥပဒေချုပ် ပြည်နယ်ဥပဒေချုပ်ရုံး၊ — အဖွဲ့ဝင်

(ဇ) ပြည်နယ်စာရင်းစစ်ချုပ် ပြည်နယ်စာရင်းစစ်ချုပ်ရုံး — အဖွဲ့ဝင်

(ဈ) အတွင်းရေးမှူး ပြည်နယ်အစိုးရအဖွဲ့ — အတွင်းရေးမှူး

၈။ စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၆ ပါ ထူးချွန်မှု ဂုဏ်ထူးဆောင်ဆုချီးမြှင့်ထိုက်သူများကို အကျိုးအကြောင်း ပြည့်စုံစွာဖော်ပြစေလျက် နှစ်စဉ် ဇန်နဝါရီလ (၃၁) ရက်နေ့ နောက်ဆုံးထားပြီး ဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များထံမှ တောင်းခံရန်၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက နောက်ဆက်တွဲပုံစံ (၁) ဖြင့် အဆိုပြုပေးပို့လာသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို လက်ခံစိစစ်ရန်၊

(ဂ) အထက်ပုဒ်မခွဲ (က)၊ (ခ) အရ အဆိုပြုလာသူများအား ဤဥပဒေပုဒ်မ ၄ ပါ ဂုဏ်ထူးဆောင်ဆုများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း စိစစ်ရန် -

(၁) အထောက်အထားများကို စိစစ်ခြင်း၊

(၂) လက်တွေ့ကွင်းဆင်းစိစစ်ခြင်း၊

(၃) နိုင်ငံတော်နှင့်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုမှုအခြေအနေကို စိစစ်ခြင်း။

၉။ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘွဲ့ထူး၊ ဂုဏ်ထူး ချီးမြှင့်ခြင်းခံရသည့် ပုဂ္ဂိုလ်များအား ပြည်နယ်အစိုးရအဖွဲ့မှ ထပ်မံချီးမြှင့်နိုင်ရေးအတွက် တင်ပြရမည်။

၁၀။ စိစစ်ရေးကော်မတီသည် ဤဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) (ခ) အရ အဆိုပြုတင်ပြသော ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများချီးမြှင့်ထိုက်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ပတ်သက်၍ စိစစ်ပြီး ပြည်နယ်အစိုးရအဖွဲ့သို့ သဘောထားမှတ်ချက်ဖြင့် တင်ပြရမည်။

၁၁။ စိစစ်ရေးကော်မတီသည် ဤဥပဒေပုဒ်မ ၁၀ အရ တင်ပြရာတွင် ပုဂ္ဂိုလ်အဖွဲ့အစည်းနှင့် ချီးမြှင့်ထိုက်သော ဂုဏ်ထူးဆောင်ဆုကို လျာထားတင်ပြရမည်။

၁၂။ စိစစ်ရေးကော်မတီသည် စိစစ်တင်ပြခြင်းကို နှစ်စဉ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နောက်ဆုံးထားပြီး ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

## အခန်း (၅)
## ချီးမြှင့်ခြင်းနှင့်ရက်သတ်မှတ်ခြင်း

၁၃။ ပြည်နယ်အစိုးရအဖွဲ့သည် စိစစ်ရေးကော်မတီမှ တင်ပြလာသော ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခံရမည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၄။ ပြည်နယ်အစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း အမည်စာရင်းကို နှစ်စဉ် မတ်လ ၁၀ ရက်နေ့မတိုင်မီ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်။

၁၅။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းကို နှစ်စဉ် မတ်လ ၁၉ ရက် မွန်ပြည်နယ်နေ့ အခမ်းအနားတွင် ချီးမြှင့်ရမည်။

၁၆။ ထူးချွန်မှုဂုဏ်ထူးဆောင်ဆုလက်မှတ်ကို နောက်ဆက်တွဲပုံစံ (၂) ပါအတိုင်း သတ်မှတ်သည်။

၁၇။ ပြည်နယ်အစိုးရအဖွဲ့သည် ထူးချွန်မှုဂုဏ်ထူးဆောင်ဆုလက်မှတ်ချီးမြှင့်ခံရသူအား ပြည်နယ်ဂုဏ်ဆောင်ခြင်းနှင့် လိုက်လျောညီထွေဖြစ်သော ဆုပစ္စည်းကို သတ်မှတ်ချီးမြှင့်နိုင်သည်။

## အခန်း (၆)
## ထူးချွန်မှုဂုဏ်ထူးဆောင်ဆုလက်မှတ်များနှင့်ဂုဏ်ထူးဆောင်ဆုပစ္စည်းများချီးမြှင့်ရာတွင် အခြေခံရမည့်အချက်များ

၁၈။ ဤဥပဒေပုဒ်မ ၄၊ ပုဒ်မ ၅ ပါ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ရာတွင် အောက်ပါအချက်များကို အခြေခံရမည် -

(က) အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာ၌ ထူးချွန်စွာ ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် ထူးချွန်စွာ ဆောင်ရွက်ခြင်း၊

(ဂ) ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းကြိုးပမ်းဆောင်ရွက်သည့် နိုင်ငံခြားတိုင်းပြည်များမှ ပုဂ္ဂိုလ်များ၊ သံတမန်များ၊ အဖွဲ့အစည်းများဖြစ်ခြင်း၊

(ဃ) ဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ထွန်းအောင်မြင်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများကို ထူးချွန်စွာဆောင်ရွက်ခြင်း၊

(င) သက်ဆိုင်ရာပညာရပ်ဖြင့် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး အများအကျိုးဖြစ်စေသည့် လုပ်ငန်းကို ထူးချွန်စွာ ဆောင်ရွက်ခြင်း၊

(စ) နိုင်ငံတော်နှင့်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ထွန်းစေသည့် စွန့်ဦးတီထွင် လုပ်ကိုင်သူ အဖွဲ့အစည်းဖြစ်ခြင်း၊

(ဆ) သက်ဆိုင်ရာပညာရပ်ဖြင့် နိုင်ငံတော်၊ ပြည်နယ်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုဆောင်ရွက်မှု၊ အသိပညာပေးမှုတွင် ထူးချွန်ထင်ရှားခြင်း၊

(ဇ) သိပ္ပံပညာ၊ ဝိဇ္ဇာပညာ သို့မဟုတ် ပညာတစ်ရပ်ရပ်တွင် ထူးချွန်ထင်ရှားခြင်း၊ ထူးချွန်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်ခြင်း၊

(စျ) စာပေ၊ ဂီတနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားစွာကျွမ်းကျင်ပြီး နိုင်ငံတော်နှင့် ပြည်နယ် ဂုဏ်ဆောင်ခြင်း၊

(ည) ဘာသာ၊ သာသနာအကျိုးအတွက် အများပြည်သူ စံနမူနာအဖြစ် ကြိုးပမ်းဆောင်ရွက်ခြင်း၊

(ဋ) သဘာဝဘေးအန္တရာယ်အပါအဝင် ဘေးဒုက္ခရောက်နေသူများအား ကိုယ်ကျိုးစွန့်၍ သက်စွန့် ကြိုးပမ်းကာကွယ်စောင့်ရှောက်ခြင်း၊

(ဌ) ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ထူးခြားစွာ စွန့်လွှတ်စွန့်စား ကာကွယ်စောင့်ရှောက်ခြင်း၊

(ဍ) စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုလုပ်ငန်းများတွင် အများပြည်သူ စံနမူနာအဖြစ် အောင်မြင်စွာ စွမ်းဆောင်နိုင်ခြင်း၊

(ဎ) ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့်ကာယပညာတွင် နိုင်ငံတော်နှင့် ပြည်နယ်ဂုဏ်ဆောင်သည့် ထူးချွန်အောင်မြင်မှုဖြစ်ခြင်း၊

(ဏ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများတွင် ထူးချွန်စွာကြိုးပမ်း ဆောင်ရွက်ခြင်း၊

(တ) လက်မှုပညာ၊ အိမ်တွင်းမှုပညာ၊ ရိုးရာပညာများတွင် ပြည်နယ်ဂုဏ်ဆောင်ဖြစ်အောင် ထူးခြားစွာ စံနမူနာပြဆောင်ရွက်ခြင်း၊

(ထ) နိုင်ငံတော်နှင့်ပြည်နယ်၏ ရှေးဟောင်းအမွေအနှစ်များ ဖော်ထုတ်နိုင်မှုကို ဆောင်ရွက်ခြင်း။

## အခန်း (၇)
## အဆိုပြုတင်ပြခြင်းဆိုင်ရာနည်းလမ်း

၁၉။ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများသည် မိမိတို့ဌာနလုပ်ငန်းနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ဆက်စပ်၍ ချီးမြှင့်ထိုက်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ အတွက် အဆိုပြုထောက်ခံချက် နောက်ဆက်တွဲပုံစံ (၁) ကို ဖြည့်စွက်ပြီး စိစစ်ရေးကော်မတီသို့ ထောက်ခံ တင်ပြနိုင်သည်။

၂၀။ သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် အဆိုပြုထောက်ခံချက် နောက်ဆက်တွဲ ပုံစံ (၁) ဖြင့် အကျိုးအကြောင်းပြည့်စုံစွာဖော်ပြလျက် စိစစ်ရေးကော်မတီမှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့ထံ ထောက်ခံတင်ပြနိုင်သည်။

## အခန်း (၈)
## ဘဏ္ဍာငွေသုံးစွဲခွင့်

၂၁။ ပြည်နယ်အစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့် နိုင်ရန် လိုအပ်သည့် ဘဏ္ဍာရန်ပုံငွေကို ပြည်နယ်အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲ သုံးစွဲနိုင်သည်။

၂၂။ ဝန်ကြီးသည် အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ဂုဏ်ထူးဆောင် လက်မှတ်နှင့်ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်ရန် ငွေနှင့်ဆုပစ္စည်းများ လှူဒါန်းပေးအပ်ပါက ပြည်နယ်အစိုးရ အဖွဲ့ထံ တင်ပြပြီး လက်ခံ၍ စီမံခန့်ခွဲနိုင်သည်။

## အခန်း (၉)

## အထွေထွေ

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အလို့ငှာ -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဝန်ကြီးက ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

အုန်းမြင့်၊
ဝန်ကြီးချုပ်၊
မွန်ပြည်နယ်အစိုးရအဖွဲ့။

**နောက်ဆက်တွဲ ပုံစံ (၁)**

## မွန်ပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်များနှင့်ဂုဏ်ထူးဆောင်ဆုပစ္စည်းများချီးမြှင့်ရန် အဆိုပြုထောက်ခံချက်ပုံစံ

၁။ အဆိုပြု/ထောက်ခံသည့် ဆုအမျိုးအစား ---------------------------------------------

၂။ (က) အမည် ---------------------------------------------

(ခ) အဘအမည် ---------------------------------------------

(ဂ) မွေးသက္ကရာဇ်/အသက် ---------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ---------------------------------------------

(င) လူမျိုး/ဘာသာ ---------------------------------------------

(စ) အဆင့်/တာဝန်/အလုပ်အကိုင် ---------------------------------------------

(ဆ) လုပ်ငန်းဌာန ---------------------------------------------

(ဇ) နေရပ်လိပ်စာ ---------------------------------------------

---------------------------------------------

၃။ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁ အရ အကျိုးအကြောင်း ဖော်ပြအဆိုပြုထောက်ခံချက်။ (အဆင့်ဆင့်ထောက်ခံချက်များကို သီးခြားပူးတွဲတင်ပြနိုင်သည်)

--------------------------------------------------------------------------------

--------------------------------------------------------------------------------

အဆိုပြုထောက်ခံသူ

ရာထူး -------------------------

ဌာန -------------------------

ရက်စွဲ၊ --------------------

၄။ စိစစ်ရေးကော်မတီ၏ထောက်ခံတင်ပြချက်

--------------------------------------------------------------------------------

--------------------------------------------------------------------------------

ရာထူး -------------------------

ဌာန -------------------------

ရက်စွဲ၊ --------------------

**နောက်ဆက်တွဲ ပုံစံ (၁) အဆက်**

၅။ အဆင့်ဆင့်ထောက်ခံတင်ပြချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲတင်ပြနိုင်သည်)

(က) ---------------------------------------------------------------------------

---------------------------------------------------------------------------

ရာထူး -------------------------

ဌာန -------------------------

ရက်စွဲ၊ --------------------

(ခ) ---------------------------------------------------------------------------

---------------------------------------------------------------------------

ရာထူး -------------------------

ဌာန -------------------------

ရက်စွဲ၊ --------------------

(ဂ) ---------------------------------------------------------------------------

---------------------------------------------------------------------------

ရာထူး -------------------------

ဌာန -------------------------

ရက်စွဲ၊ --------------------

(ဃ) ---------------------------------------------------------------------------

---------------------------------------------------------------------------

ရာထူး -------------------------

ဌာန -------------------------

ရက်စွဲ၊ --------------------

နောက်ဆက်တွဲ ပုံစံ(၂)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မွန်ပြည်နယ်အစိုးရအဖွဲ့

## ထူးချွန်မှုဂုဏ်ထူးဆောင်ဆုလက်မှတ်

-----------------------------------------------

------------------------သည် နိုင်ငံတော်နှင့် မွန်ပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးအတွက်
------------------------------ ကဏ္ဍတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သောကြောင့်
--------------------------ဂုဏ်ထူးဆောင်ဆုကို ချီးမြှင့်အပ်နှင်းလိုက်သည်။

ရုံးတံဆိပ်

ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

ခုနှစ်၊ လ ရက်

# မွန်ပြည်နယ် ကျေးရွာထင်းစိုက်ခင်းဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၇။ )

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ် ကျေးရွာထင်းစိုက်ခင်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှစတင်၍ မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ မွန်ပြည်နယ်ကို ဆိုသည်၊

(ခ) **ပြည်နယ်အစိုးရအဖွဲ့**ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး**ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်၊

(င) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ မွန်ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးကို ဆိုသည်၊

(စ) **သစ်တောအရာရှိ**ဆိုသည်မှာ မွန်ပြည်နယ်၊ ခရိုင် သို့မဟုတ် မြို့နယ်သစ်တောဦးစီးဌာန၏ အကြီးအမှူးကို ဆိုသည်၊

(ဆ) **သစ်တောဝန်ထမ်း**ဆိုသည်မှာ မွန်ပြည်နယ်သစ်တောဦးစီးဌာန၏ တောကြပ်မှ ညွှန်ကြားရေးမှူး အထိ အဆင့်ဆင့်သော သစ်တောစီမံခန့်ခွဲမှုဆိုင်ရာဝန်ထမ်းများကို ဆိုသည်၊

(ဇ) **ကြိုးဝိုင်းတော**ဆိုသည်မှာ သစ်တောဥပဒေအရ ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းထားသောနယ်မြေကို ဆိုသည်၊

(ဈ) **ကြိုးပြင်ကာကွယ်တော**ဆိုသည်မှာ သစ်တောဥပဒေအရ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာထားသော နယ်မြေကို ဆိုသည်၊

(ည) **အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေ**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေမှအပ အခြားမြေများကို ဆိုသည်၊

(ဋ) **ထင်း**ဆိုသည်မှာ လောင်စာအဖြစ်သာ အသုံးပြုရန် သင့်လျော်သော သစ်ပင်၊ သစ်ပိုင်း သို့မဟုတ် သစ်စကို ဆိုသည်၊

(ဎ) **ကျေးရွာထင်းစိုက်ခင်း**ဆိုသည်မှာ သစ်တောဦးစီးဌာနကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်က ဖြစ်စေ စိုက်ပျိုးပြီးနောက် ကျေးရွာပိုင်အဖြစ် ထိန်းသိမ်းသုံးစွဲရန် လွှဲပြောင်းပေးသည့် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာလူထုက စိုက်ပျိုးပြီး ထိန်းသိမ်းသုံးစွဲသော ကျေးရွာပိုင်ထင်းစိုက်ခင်း သို့မဟုတ် ဤဥပဒေအခန်း (၃) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျေးရွာထင်းစိုက်ခင်းအဖြစ် သတ်မှတ်တည်ထောင်ခွင့်ပြုသည့် ကျေးရွာပိုင်ထင်းစိုက်ခင်းကို ဆိုသည်၊

(ဍ) **သစ်တောထွက်ပစ္စည်း**ဆိုသည်မှာ ကျေးရွာထင်းစိုက်ခင်းအတွင်း ပေါက်ရောက်နေသော သို့မဟုတ် တွေ့ရှိရသော သစ်ပင်၊ သစ်ရွက်၊ ပန်း၊ သစ်သီးနှင့် ယင်းတို့မှထွက်ရှိသောပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် တောတိရစ္ဆာန်များ၊ ပိုးမွှားများ၊ ယင်းတို့၏ အစိတ်အပိုင်းများနှင့် ယင်းတို့မှ ထွက်ရှိသော ပစ္စည်းများလည်း ပါဝင်သည်၊

(ဎ) **မြို့နယ်ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြို့နယ်ထင်းစိုက်ခင်း ကြီးကြပ်ရေး ကော်မတီကို ဆိုသည်၊

(ဏ) **ကျေးရွာအုပ်စုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကျေးရွာအုပ်စုထင်းစိုက်ခင်း ကြီးကြပ်ရေးကော်မတီကို ဆိုသည်၊

(တ) **အသုံးပြုသူများအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာ ကျေးရွာထင်းစိုက်ခင်းကို စိုက်ပျိုးထိန်းသိမ်းသုံးစွဲရန် ကျေးရွာအုပ်စုကော်မတီမှ ဖွဲ့စည်းပေးသောအစုအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ၊ မြေလွတ်မြေရိုင်းများ၊ ပျက်စီးနေသော ကြိုးပိုင်းတော၊ ကြိုးပြင်ကာကွယ်တောများတွင် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ဒေသဖွံ့ဖြိုး တိုးတက်ရန်၊

(ခ) မြေအသုံးချမှုတန်ဖိုး ပိုမိုရရှိစေရန်၊

(ဂ) အသုံးပြုသူများအဖွဲ့က စုပေါင်းစိုက်ပျိုးထိန်းသိမ်းထုတ်ယူသုံးစွဲခြင်းဖြင့် ထင်းလောင်စာ ပိုမိုရရှိစေရန်၊

(ဃ) သဘာဝဘေးအန္တရာယ်များ ကာကွယ်တားဆီးနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန်၊

(င) အသုံးပြုသူများအဖွဲ့က ကျေးရွာထင်းစိုက်ခင်းမှ ထင်းအဖြစ်သုံးပြီး ကျန်သည့် ပင်စည်လုံးပတ်ကို သစ်လုံးအဖြစ်လည်းကောင်း၊ တိုင်အဖြစ်လည်းကောင်း၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်း လုပ်ငန်းသုံးနှင့် ပရိဘောဂပစ္စည်းများအဖြစ်လည်းကောင်း သုံးစွဲနိုင်ရန်။

## အခန်း (၃)
## ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခြင်း

၄။ ပြည်နယ်အတွင်းရှိ ကျေးရွာထင်းစိုက်ခင်းများသည် ဤဥပဒေနှင့် အကျုံးဝင်သည်။

၅။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများ၊ မြေလွတ်မြေရိုင်းများ၊ ပျက်စီးနေသော ကြိုးပိုင်းတော၊ ကြိုးပြင်ကာကွယ်တောများ၊ ကမ်းခြေနေရာများတွင် ပေါ်ထွန်းလာသော မြေများ၊ ဒီရေတောအဖြစ် စိုက်ပျိုးနိုင်သောမြေများ၊ ဒီရေတောများကို ကျေးရွာ ထင်းစိုက်ခင်းအဖြစ် သတ်မှတ်တည်ထောင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်သစ်တောဦးစီးဌာနမှူးသို့ နောက်ဆက်တွဲ ပုံစံ (၁)၊ (၂) ဖြင့် လျှောက်ထားရမည်။

၆။ မြို့နယ်ကော်မတီ၏ စိစစ်ဆုံးဖြတ်ချက်ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ခရိုင်အုပ်ချုပ်ရေးမှူးမှ တစ်ဆင့် ဝန်ကြီးထံသို့လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှူးသည် ခရိုင်သစ်တောဦးစီးဌာနမှူးမှ တစ်ဆင့် ညွှန်ကြားရေးမှူးထံသို့လည်းကောင်း မြေစာရင်းမြေပုံနှင့်တကွ တင်ပြရမည်။

၇။ ညွှန်ကြားရေးမှူးသည် စိစစ်ချက်များဖြင့် ဝန်ကြီးမှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြရမည်။

၈။ ပြည်နယ်အစိုးရအဖွဲ့သည် ကျေးရွာထင်းစိုက်ခင်းအဖြစ် သတ်မှတ်တည်ထောင်ခွင့်ပြုရန် ဝန်ကြီး၏ တင်ပြလာခြင်းအပေါ် ခွင့်ပြုနိုင်သည်။

၉။ ညွှန်ကြားရေးမှူးသည် ပုဒ်မ ၈ အရ ခွင့်ပြုချက်အတိုင်း နောက်ဆက်တွဲပုံစံ (၃) ဖြင့် တည်ထောင်ခွင့် လက်မှတ် ထုတ်ပေးရမည်။ ကျေးရွာထင်းစိုက်ခင်း ထိန်းသိမ်းခြင်း၊ ခုတ်လှဲခြင်းဆိုင်ရာ စည်းကမ်းချက်များကို တည်ထောင်ခွင့်လက်မှတ်တွင် ဖော်ပြရမည်။

## အခန်း (၄)
## ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၀။ ညွှန်ကြားရေးမှူးသည် ဝန်ကြီး၏အတည်ပြုချက်ဖြင့် မြို့နယ်ကော်မတီကို ဖွဲ့စည်းရမည်။ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၁။ မြို့နယ်ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ | ဥက္ကဋ္ဌ |
| (ခ) | ဦးစီးအရာရှိ<br>မြို့နယ်မြေစာရင်းဦးစီးဌာန၊ | အဖွဲ့ဝင် |
| (ဂ) | အမှုဆောင်အရာရှိ၊<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ | အဖွဲ့ဝင် |
| (ဃ) | ဦးစီးအရာရှိ<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ | အဖွဲ့ဝင် |
| (င) | ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ | အတွင်းရေးမှူး |

၁၂။ မြို့နယ်ကော်မတီသည် ကျေးရွာအုပ်စုကော်မတီကို အနည်းဆုံး (၅) ဦးမှ အများဆုံး (၇) ဦးဖြင့် ဖွဲ့စည်းရမည်။ ကျေးရွာအုပ်စုကော်မတီဖွဲ့စည်းရာတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား ကော်မတီဝင် အများဆန္ဒဖြင့် တာဝန်ပေး ဆောင်ရွက်ရမည်။

၁၃။ ကျေးရွာအုပ်စုကော်မတီဖွဲ့စည်းရာတွင် ကျေးရွာအုပ်စု ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများ၏ဆန္ဒကို ရယူဆောင်ရွက်ရမည်။

၁၄။ မြို့နယ်ကော်မတီသည် ကျေးရွာအုပ်စုကော်မတီဝင်များ ပြောင်းလဲပြင်ဆင်အစားထိုးခြင်းကို ဤဥပဒေပုဒ်မ ၁၃ ပါအတိုင်း ဆောင်ရွက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်သစ်တောဦးစီးဌာနမှူးနှင့် ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးထံသို့ တင်ပြရမည်။

၁၅။ မြို့နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျေးရွာထင်းစိုက်ခင်းသတ်မှတ်တည်ထောင်နိုင်ရေးအတွက် ဤဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက် အတိုင်း ဆောင်ရွက်ခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်းတည်ထောင်နိုင်ရေးအတွက် တင်ပြရန် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား ညွှန်ကြားခြင်း၊

(ဂ) ကျေးရွာထင်းစိုက်ခင်းများ ထိန်းသိမ်းကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) ကျေးရွာထင်းစိုက်ခင်းမှ ထင်းခုတ်လှဲခြင်းဆိုင်ရာစည်းကမ်းချက်များ လိုက်နာရေး ကြီးကြပ် ဆောင်ရွက်ခြင်း၊

(င) ကျေးရွာထင်းစိုက်ခင်းနှင့် အကျိုးဝင်သည့် အိမ်ထောင်စုစာရင်းများ ပြုစုထားရှိပြီး အသုံးပြုသူများ အဖွဲ့ ဖွဲ့စည်းစေခြင်း၊

(စ) ကျေးရွာထင်းစိုက်ခင်းရှိ ထင်းများ ခိုးယူခုတ်လှဲခြင်းမရှိစေရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဆ) ကျေးရွာထင်းစိုက်ခင်းရှိအပင်များ (၃) နှစ်မှ (၅) နှစ်ရောက်ချိန်တွင် သုံးစွဲနိုင်ရန် စီမံ ဆောင်ရွက်ခြင်း၊

(ဇ) ထင်းလောင်စာအတွက် သုံးစွဲပြီး ကျန်သည့်ပင်စည်လုံးပတ်များကို သစ်လုံး၊ တိုင်၊ လယ်ယာ လုပ်ငန်းသုံး၊ ငါးဖမ်းလုပ်ငန်းသုံးနှင့် ပရိဘောဂပစ္စည်းများအဖြစ် အသုံးပြုရေး စီမံဆောင်ရွက်ခြင်း၊

(ဈ) ကျေးရွာထင်းစိုက်ခင်း စီမံအုပ်ချုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ခုတ်ယူသုံးစွဲခြင်း၊ ပြန်လည်စိုက်ပျိုးခြင်း ဆိုင်ရာလုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း။

၁၆။ ကျေးရွာအုပ်စုကော်မတီသည် ကျေးရွာထင်းစိုက်ခင်းကို စိုက်ပျိုးထိန်းသိမ်းသုံးစွဲရန် ကျေးရွာအုပ်စု အတွင်း အခြေချနေထိုင်သူ အိမ်ထောင်စုဝင်တစ်ဦးစီဖြင့် အသုံးပြုသူများအဖွဲ့ကို ဖွဲ့စည်းရမည်။ အသုံးပြုသူများ အဖွဲ့သည် ကျေးရွာအုပ်စုကော်မတီ၏ကြီးကြပ်မှုကို ခံယူရမည်။

၁၇။ ကျေးရွာအုပ်စုကော်မတီသည် အသုံးပြုသူများအဖွဲ့ လိုက်နာရမည့် စည်းကမ်းများကို သတ်မှတ် ရမည်။

၁၈။ ကျေးရွာအုပ်စုကော်မတီနှင့် အသုံးပြုသူများအဖွဲ့တို့သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) သစ်တောဦးစီးဌာနက ဖြန့်ဝေပေးသော နည်းပညာများလိုက်နာဆောင်ရွက်ရန်၊

(ခ) ကျေးရွာထင်းစိုက်ခင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများကို စနစ်တကျမှတ်တမ်းထားရှိရန်၊

(ဂ) ကျေးရွာထင်းစိုက်ခင်း စီမံအုပ်ချုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ခုတ်ယူသုံးစွဲခြင်း၊ ပြန်လည်စိုက်ပျိုးခြင်း ဆိုင်ရာလုပ်ငန်းများကို စီမံချက်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် သစ်တောဦးစီးဌာနသို့ အကူအညီ တောင်းခံရန်၊

(ဃ) ကျေးရွာထင်းစိုက်ခင်းအတွင်း သဘာဝအလျောက်ပေါက်ရောက်နေသော သစ်တောဥပဒေအရ တားမြစ်သစ်ပင်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနသို့ တင်ပြထိန်းသိမ်းရန်၊

(င) ကျေးရွာအုပ်စုကော်မတီသည် ကျေးရွာထင်းစိုက်ခင်းမှ ထွက်ရှိသည့် ထင်းနှင့်သစ်တောထွက် ပစ္စည်းကို ထုတ်လုပ်ခြင်း၊ မီးသွေးဖုတ်ခြင်း၊ ပြန်လည်ခွဲစိတ်ခြင်း၊ သယ်ယူရောင်းချခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်သည့် စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်၊

(စ) ကျေးရွာအုပ်စုကော်မတီသည် ကျေးရွာထင်းစိုက်ခင်းမှ ထင်းနှင့်သစ်တောထွက်ပစ္စည်းများမထုတ်မီ ထုတ်ယူမည့် စီမံချက်ကို ရေးဆွဲ၍ မြို့နယ်ကော်မတီသို့ တင်ပြပြီး ခွင့်ပြုချက်တောင်းခံရန်၊

(ဆ) ကျေးရွာအုပ်စုကော်မတီသည် ကျေးရွာထင်းစိုက်ခင်းမှ ထွက်ရှိသည့် ထင်းနှင့်သစ်တောထွက် ပစ္စည်းကို မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းလိုလျှင် မြို့နယ်သစ်တောဦးစီးဌာနမှ ခွင့်ပြုမိန့် (မျှောစာ) ရယူရန်၊

(ဇ) ကျေးရွာအုပ်စုကော်မတီသည် ကျေးရွာထင်းစိုက်ခင်းမှ ထွက်ရှိသည့် ထင်းကို မီးသွေးဖုတ်လိုပါက မီးသွေးဖိုတည်ထောင်ခွင့်နှင့် မီးသွေးဖုတ်ခွင့်ကို သက်ဆိုင်ရာသစ်တောဦးစီးဌာနသို့ လျှောက်ထား ရယူရန်၊

(ဈ) ကျေးရွာအုပ်စုကော်မတီသည် ကျေးရွာထင်းစိုက်ခင်းမှ ထင်းအဖြစ်သုံးပြီး ကျန်သည့် ပင်စည်ကို တိုင်၊ မျှော၊ သစ်အဖြစ် ရောင်းဝယ်ဖောက်ကားမှုအတွက် သတ်မှတ်သည့် အခွန်ငွေကို သစ်တော ဦးစီးဌာနသို့ ပေးဆောင်ရန်။

၁၉။ ကျေးရွာအုပ်စုကော်မတီသည် အသုံးပြုသူများ အဖွဲ့ဝင်ကြေးကို အဖွဲ့ဝင်အများစု၏ သတ်မှတ် နှုန်းထားဖြင့် ဆောင်ရွက်နိုင်သည်။

၂၀။ ကျေးရွာအုပ်စုကော်မတီသည် အသုံးပြုသူများအဖွဲ့သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်သည့် အိမ်ထောင်စုကို မှတ်ပုံတင်စာရင်းသွင်းပြီး အသိအမှတ်ပြုလွှာ နောက်ဆက်တွဲပုံစံ (၄) ကို ထုတ်ပေးရမည်။

၂၁။ ကျေးရွာအုပ်စုကော်မတီသည် ထင်းများခုတ်ယူသုံးစွဲရန် ခွင့်ပြုရာတွင် ခုတ်လှဲအသုံးပြုသည့် ထင်းပမာဏကို မူတည်ပြီး အသုံးပြုသူများအဖွဲ့၏ အများဆန္ဒဖြင့် သတ်မှတ်သော နှုန်းထားအတိုင်း ပေးသွင်း စေရမည်။

၂၂။ ကျေးရွာအုပ်စုကော်မတီသည် ငွေစာရင်းကို စနစ်တကျရေးသွင်းထားပြီး ကျေးရွာထင်းစိုက်ခင်း အတွက် အသုံးပြုရာတွင် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရမည်။

၂၃။ ကျေးရွာအုပ်စုကော်မတီသည် ထင်းစိုက်ခင်းအကျယ်အဝန်း၊ ထင်းအသုံးပြုသူဦးရေ ခုတ်လှဲအသုံး ပြုသည့် ပမာဏကိုမူတည်ပြီး လိုအပ်ပါက ကော်မတီဝန်ထမ်းကို လခစားဖြစ်စေ၊ နေ့စားဖြစ်စေ ခန့်ထား နိုင်သည်။

၂၄။ ကျေးရွာအုပ်စုကော်မတီသည် ငွေကြေးပမာဏ များပြားလာပါက မြို့နယ်ကော်မတီသို့ တင်ပြပြီး ဘဏ်ငွေစုစာအုပ် ပြုလုပ်ထားရှိရမည်။

၂၅။ ကျေးရွာအုပ်စုကော်မတီသည် ငွေစာရင်းများနှင့်စပ်လျဉ်းပြီး စစ်ဆေးခံနိုင်ရန် ဆောင်ရွက်ထား ရမည်။

၂၆။ ကျေးရွာအုပ်စုကော်မတီသည် ကော်မတီအစည်းအဝေးကို အနည်းဆုံးတစ်လလျှင် တစ်ကြိမ် ကျင်းပ နိုင်သည်။ အသုံးပြုသူများအဖွဲ့နှင့် အခါအားလျော်စွာ တွေ့ဆုံရမည်။ အတွင်းရေးမှူးသည် အစည်းအဝေး မှတ်တမ်း၊ တွေ့ဆုံဆွေးနွေးပွဲမှတ်တမ်းကို နောက်ဆက်တွဲ ပုံစံ (၅) အတိုင်း မှတ်တမ်းတင်ခြင်း၊ မှတ်တမ်း ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရမည်။

## အခန်း (၅)
## သစ်တောအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၇။ သစ်တောအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျေးရွာထင်းစိုက်ခင်းအတွက် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော မျိုးပင်များရရှိအောင် ကူညီ ဆောင်ရွက်ပေးခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်းအား ထိန်းသိမ်းကာကွယ်ခြင်းအတွက် နည်းပညာများ အသိပေးခြင်း၊ ညွှန်ပြ ပေးခြင်း၊

(ဂ) ကျေးရွာထင်းစိုက်ခင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျမှတ်တမ်းထားရှိ၍ ထိန်းသိမ်းဆောင်ရွက်ခြင်း၊

(ဃ) ကျေးရွာအုပ်စုကော်မတီက ကျေးရွာထင်းစိုက်ခင်း စီမံအုပ်ချုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ခုတ်ယူသုံးစွဲခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းနှင့်စပ်လျဉ်းပြီး နောက်ဆက်တွဲပုံစံ (၆) အတိုင်း စီမံချက်ရေးဆွဲဆောင်ရွက်သည့်အခါ ကြီးကြပ်ခြင်း၊ ကူညီခြင်း၊

(င) ကျေးရွာထင်းစိုက်ခင်းမှ ထွက်ရှိသော ထင်းနှင့်သစ်တောထွက်ပစ္စည်းများ မြို့နယ်နယ်နိမိတ်ကျော်လွန်သယ်ယူခြင်းအတွက် သစ်တောဦးစီးဌာန လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်ခြင်း၊

(စ) ကျေးရွာထင်းစိုက်ခင်းမြေအား ခွင့်ပြုချက်မရှိဘဲ အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုမှု မရှိရေး ကြီးကြပ်ခြင်း၊

(ဆ) ကျေးရွာထင်းစိုက်ခင်းများကို တစ်နှစ်လျှင် တစ်ကြိမ် စစ်ဆေးခြင်း၊ စစ်ဆေးချက်အစီရင်ခံစာအား ညွှန်ကြားရေးမှူးထံ တင်ပြခြင်း၊

(ဇ) ကျေးရွာထင်းစိုက်ခင်းများ၏ လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်ထားသော စည်းကမ်းများနှင့် ညီညွတ်စေရန် ဆောင်ရွက်ခြင်း၊

(ဈ) ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်းအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံမှ အကူအညီရယူဆောင်ရွက်ခြင်း။

## အခန်း (၆)
## စစ်ဆေးခြင်းနှင့်အရေးယူခြင်း

၂၈။ မြို့နယ်ကော်မတီသည် ကျေးရွာထင်းစိုက်ခင်းအကောင်အထည်ဖော်ခြင်း၊ ထိန်းသိမ်းခြင်းကို စစ်ဆေးရမည်။

၂၉။ အသုံးပြုသူများအဖွဲ့ဝင် မည်သူမဆို သတ်မှတ်ထားသော စည်းကမ်းချက်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်လျှင် သို့မဟုတ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ကျေးရွာအုပ်စုကော်မတီသည် ထိုသူကို အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်နိုင်သည် -

(က) ကျေးရွာထင်းစိုက်ခင်း အသုံးပြုသူများစာရင်းမှ ပယ်ဖျက်ခြင်း သို့မဟုတ် ကာလသတ်မှတ်၍ အသုံးပြုသူစာရင်းမှ ပယ်ဖျက်ခြင်း၊

(ခ) ကာလသတ်မှတ်၍ ထင်းထုတ်ယူသုံးစွဲခြင်းမှ တားမြစ်ခြင်း၊ ဆိုင်းငံ့ထားခြင်း၊

(ဂ) ကျေးရွာထင်းစိုက်ခင်းမှ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ ခုတ်လှဲရယူထားသော ထင်းများကို အသုံးပြုသူများအဖွဲ့ပိုင်ထင်းအဖြစ် သတ်မှတ်စီမံခန့်ခွဲခြင်း။

၃၀။ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်ပြီးသည့် ပြစ်မှုများအတွက် တရားရုံးတွင် ထပ်မံတရားစွဲဆိုခြင်း မပြုရ။

## အခန်း (၇)
## အယူခံခြင်း

၃၁။ (က) ဤဥပဒေပုဒ်မ ၂၉ အရ ကျေးရွာအုပ်စုကော်မတီက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း မြို့နယ်ကော်မတီထံ အယူခံဝင်နိုင်သည်။

(ခ) မြို့နယ်ကော်မတီသည် ကျေးရွာအုပ်စုကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက် ( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာ (၁၃၂/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် )

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ ဟောင်ပါးကျေးရွာအုပ်စု၊ နန့်ရေတောင်ကျေးရွာ၊ ကွင်းအမှတ် (OSS/နန့်ရေတောင်)၊ ဦးပိုင်အမှတ် (N-၁)၊ မြေဧရိယာ **(၁. ၆၆၃) ဧက**ရှိမြေအား **ဓမ္မသီလကျောင်း** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၁၃၅/၂၀၁၃)**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ကမ်းနီကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် - ၄ (ခ)/ကမ်းနီအနောက်၊ ဦးပိုင်အမှတ် (၁၂) မှ မြေဧရိယာ (၁. ၃၆) ဧကနှင့် ဦးပိုင်အမှတ် (၁၃/၂) မှ မြေဧရိယာ (၀. ၂၃) ဧက **စုစုပေါင်းမြေဧရိယာ (၁. ၅၉) ဧက**ရှိမြေအား **ကမ်းနီဖျားဘုန်းတော်ကြီးကျောင်း**မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၁၄၀/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် )

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ တာငါးဆယ်တောင်ရပ်ကွက်၊ အကွက်အမှတ်/ အမည် (၂၈/တာငါးဆယ်တောင်)၊ ဦးပိုင်အမှတ် (၂၀၁) မှ (A.B.M) ကရင်ကျောင်းအမည်ပေါက် သာသနာ့မြေဧရိယာ (၈. ၇၄၂) ဧကအနက်မှ **(၃. ၉၁၆) ဧက**နှင့် ဦးပိုင်အမှတ် (၂၀၂) မှ (A.B.F.M) အသင်းအမည်ပေါက် သာသနာ့မြေဧရိယာ (၁. ၄၃၀) ဧက၊ **စုစုပေါင်းမြေဧရိယာ (၅. ၃၄၆) ဧကအား ကွန်ပျူတာ**

**တက္ကသိုလ် (ဟသ်ာတ)** ကျောင်းမြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ - ၃၆ နှင့်အညီ သာသနာ့မြေအဖြစ်မှ ပယ်ဖျက်ခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၁၄၆/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် )

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ ကျိုက်ရွဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၈၄၉ဃ)/ ကျိုက်ရွဲရွာကွင်း၊ မြေကွက်အမှတ် ( ၂၂၀/၅၁၂ )၊ ဦးပိုင်အမှတ် (N-၅၉) **မြေဧရိယာ (၀. ၅၃) ဧက**ရှိမြေအား **ဓမ္မရံသီဘုန်းတော်ကြီးကျောင်း**မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၁၅၉/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် )

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ ရှောလီဝိုင်းရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၆/ကုန်းသာကွင်း)၊ မြေကွက်အမှတ် (၆၆/၈၂၊ ၆၇/၈၃) ရှိ ဧရိယာ **(၂. ၀၁၀) ဧက**အား **ဓမ္မရံသီကျောင်းတိုက်** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၁၆၀/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် )

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ သောတာပန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၇၇၈/သောတာပန်)၊ ဦးပိုင်အမှတ် (၁၆) ရှိ မြေဧရိယာ (၀. ၁၇) ဧကအား **ရွှေဟသ်ာသစ္စာရိပ်ငြိမ်ကျောင်းတိုက်** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## စစ်ရာထူးခန့်ချုပ်ရုံး

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် )

အမှတ် ၁၃၁/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၄) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| ၁။ | တင်ဝင်း | ကြည်း ၆၅၉၈၈ |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် )

အမှတ် ၁၃၈/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၄) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| ၁။ | လှစိန်ထွန်း | ကြည်း ၆၅၉၈၉ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

### အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် )

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန **အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းစိစစ်ရေးအဖွဲ့**၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်စွဲပါ စာအမှတ်၊ ဆသန/ ၃-၀၁/၀၀၂ (၂၀၁၃/၃၇၂၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အဝေးဆက်သွယ်ရေးစခန်းမှ လစာနှုန်း

(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် လက်ထောက်အင်ဂျင်နီယာ ဦးထွန်းအေးမောင်အား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် မန်နေဂျာအဖြစ် တိုးမြှင့်ခန့်ထားပြီး ရုံးချုပ်လုပ်ငန်းနှင့် စစ်ဆေးရေးဌာနတွင် တွဲဖက်တာဝန်ချထားလိုက်သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန **အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းစိစစ်ရေးအဖွဲ့**၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်စွဲပါ စာအမှတ်၊ ဆသန/ ၃-၀၁/၀၀၂ (၂၀၁၃/၃၇၂၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့်နည်းပညာ ဌာနမှ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် လက်ထောက်အင်ဂျင်နီယာ ဦးလင်းအောင်ထက် အား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်း အချက်အလက်နှင့်နည်းပညာဌာနရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူး အဖြစ် တိုးမြှင့်တာဝန်ချထားလိုက်သည်။

အောင်မော်၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
## (ညွှန်ကြားရေးမှူးချုပ်ရုံး)

မန္တလေးမြို့၊ ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

အမှတ် ၁၅၆ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၈/၂၀၁၃) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၅)/(၁၀၂၇/၂၀၁၃) တို့အရ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာတွင် အစမ်းခန့် (၆) လ တာဝန် ထမ်းဆောင်ခဲ့ပြီးသော အောက်ဖော်ပြပါ သန္ဓေဝန်ထမ်း ဦးစီးအရာရှိ (အစမ်းခန့်) (၁) ဦးအား အစမ်းခန့် ကာလ ပြည့်မြောက်ပြီးသည့် ယှဉ်တွဲပါနေ့ရက်မှစ၍ အမြဲတမ်းအတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိနေရာ | အတည်ပြုခန့်သည့်နေ့ |
|---|---|---|---|
| (၁) | ဦးနေဝင်းအုန်း | မင်းလှမြို့နယ်<br>မကွေးတိုင်းဒေသကြီး | ၂၅-၁၂-၂၀၁၂ |

ငွေးအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။

## သစ်တောဦးစီးဌာန

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် )

အမှတ် ၆၆၈ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၃) နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၃)/(၁၀၉၄/၂၀၁၃) တို့အရ သစ်တောဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ် တောအုပ်ကြီး ဦးကျော်ကျော်ဦးအား သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးစီးအရာရှိရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးအစမ်း (၆) လ တိုးမြှင့်ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် )

အမှတ် ၆၆၉ ။ ။ သစ်တောဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဦး (၅) အား မောင်တောခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၏ အလုပ်တာဝန်များကို ယာယီအားဖြင့် အချိန်ပြည့်ပူးတွဲထမ်းဆောင်စေလိုက်သည်။

အမှတ် ၆၇၀ ။ ။ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၏ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၇၅) ဖြင့် တောအုပ်ကြီးရာထူးမှ တောအုပ်ရာထူးသို့ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတစ်ဆင့်လျှော့ချခံခဲ့ရသော သစ်တောဦးစီးဌာန၊ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ တောအုပ် ဦးတိုးဝင်း (ယခင်-တောအုပ်ကြီး၊ ကသာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး) သည် ပြစ်ဒဏ်ကာလ (၁) နှစ်ပြည့်မြောက်၍ ပြစ်ဒဏ်ကာလအတွင်း ပြစ်မှုတစ်စုံတစ်ရာကျူးလွန်မှုမရှိကြောင်း သက်ဆိုင်ရာမှ ထောက်ခံတင်ပြချက်အရ ဦးတိုးဝင်းအား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ မူလတောအုပ်ကြီးရာထူးသို့ ပြန်လည်တိုးမြှင့်ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် )

အမှတ် ၇၀၄ ။ ။ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၏ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၇၄) ဖြင့် တောအုပ်ကြီးရာထူးမှ တောအုပ်ရာထူးသို့ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတစ်ဆင့်လျှော့ချခံခဲ့ရသော သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်မှ တောအုပ် ဦးဝင်းဝင်းအောင် (ယခင်-ထီးချိုင့်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး) သည် ပြစ်ဒဏ်ကာလ (၁) နှစ်ပြည့်မြောက်၍ ပြစ်ဒဏ်ကာလအတွင်း ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံတင်ပြချက်အရ ဦးဝင်းဝင်းအောင်အား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ မူလတောအုပ်ကြီးရာထူးသို့ ပြန်လည်တိုးမြှင့်ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် )

အမှတ် ၇၃၀ ။ ။ သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ် (တောင်ကြီး)၊ လင်းခေးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်း (၅) အား မိမိ၏အလုပ်တာဝန်များအပြင် လင်းခေးမြို့နယ်၊ ဦးစီးအရာရှိ၏ အလုပ်တာဝန်များကိုပါ ယာယီအားဖြင့် အချိန်ပြည့်ပူးတွဲထမ်းဆောင်စေလိုက်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် )

အမှတ် ၇၃၁ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၂၃/၂၀၁၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၃)/(၁၂၇၁/၂၀၁၃) တို့အရ သစ်တောဦးစီးဌာနမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး/ကထိကများအား သစ်တော ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး/ဒုတိယပါမောက္ခ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာများသို့ ဒုတိယညွှန်ကြားရေးမှူး/ဒုတိယပါမောက္ခအလုပ်တာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်ပြီး အမည်နှင့်ယှဉ်တွဲပါအတိုင်း နေရာချထား လိုက်သည် -

| စဉ် | အမည် | မှ | သို့ |
|---|---|---|---|
| ၁။ | ဦးဘိုဘိုဝင်း | မိတ္ထီလာခရိုင်<br>မန္တလေးတိုင်းဒေသကြီး | သစ်တောသုတေသနဌာန |
| ၂။ | ဦးသက်နောင် | ဘားအံခရိုင်<br>ကရင်ပြည်နယ် | ဦးစီးရုံးချုပ်<br>သဘာဝတောနှင့်စိုက်ခင်းဌာန |
| ၃။ | ဦးတင်မောင်လွင် | မြိတ်ခရိုင်<br>တနင်္သာရီတိုင်းဒေသကြီး | ရေဝေရေလဲဒေသ<br>အုပ်ချုပ်ရေးဌာန |
| ၄။ | ဦးမြင့်အောင် (၃) | သစ်တောသုတေသနဌာန | သစ်တောသုတေသနဌာန |
| ၅။ | ဦးသိန်းဌေး (၂) | ညွှန်ကြားရေးမှူးရုံး<br>ပဲခူးတိုင်းဒေသကြီး | သဘာဝဝန်းကျင်နှင့်<br>သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန |

(၂၁) ရက်အတွင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။

ဒေါက်တာညီညီကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
သစ်တောဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက် ( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

Notice Under Section 208 (E) of Myanmar Companies Act

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ

**အိုပီအိုင် ထရေးဒင်းကုမ္ပဏီလီမိတက်** ကို

အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း

နောက်ဆုံးအစည်းအဝေး (Final Meeting For Dissolution) တက်ရောက်ရန် ဖိတ်ကြားခြင်း

**အိုပီအိုင် ထရေးဒင်းကုမ္ပဏီလီမိတက် (OPI TRADING Co., Ltd)** ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၀၂၉/၂၀၁၃-၂၀၁၄) ၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက် ၁၄း၀၀ နာရီအချိန်တွင် အမှတ် - ၁၆၈/၁၇၀၊ ဦးချစ်မောင်လမ်း၊ ဆရာစံအရှေ့မြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်၍ အစုရှယ်ယာဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပြီး ကုမ္ပဏီကို အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဦးခင်ဝင်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
B.A, H.G.P, R.L, D.B.L, D.I.L, D.M.L,
P.G.D.I.T (New Delhi), D.Jap; M.P.A, M.A (B.L)
အိုပီအိုင် ထရေးဒင်းကုမ္ပဏီလီမိတက် (ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (E) အရ
**(Rice World Trading Co., Ltd)** အား
(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**Rice World Trading Co., Ltd** ၏ နောက်ဆုံးအစည်းအဝေးကို (၃-၂-၂၀၁၄) ရက်နေ့ နံနက် (၁၀း၀၀) နာရီအချိန်တွင် အမှတ် ၁၁ (အေ/ဘီ)၊ ဟံသာဝတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးကျော်ညွန့်၊
[B.A, D.S, C.P.A (R.A)]
အမှတ် ၁၁ (အေ/ဘီ)၊ ဟံသာဝတီလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**အထွေထွေအထိပ်ရပ်ဝန်း ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**
**Zenith Zone Trading Co.,Ltd.**
**အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်နေ့တွင် ကုမ္ပဏီမှတ်ပုံတင်ရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ အထွေထွေအထိပ်ရပ်ဝန်း **ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (Zenith Zone Trading Co., Ltd)** အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး **(B.Com, C.P.A)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U She Wal Shin
Managing Director
Zenith Zone Trading Co., Ltd.

MYAT LWIN MOE
B.Com. (Q), C.P.A
Certified Public Accountant
AUDITOR

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၃-၁-၂၀၁၄။